**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၁၄)ရက်မြောက်နေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၆.၁၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၁၄)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဥ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ၁၅-၆-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ National Account ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေးတက်ရောက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးကျော်သီဟ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကော်မတီကွင်းဆင်းလေ့လာရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးထွန်းထွန်းဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးဟန်ဝင်းသိန်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါက်တာဝင်းမြင့်ချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ငြိမ်းချမ်းရေးညီလာခံ ပြန်လည်သုံးသပ်ရေးဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးလင်းတင်ဌေး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန် တို့ပဲဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၅)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၂၆)ဦးဖြစ်ပြီး စုစုပေါင်းခွင့်ပန်ကြားသူ(၃၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ(၃၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပြည်ထဲရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စား လှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမည်ပေါက် မြို့တစ်မြို့ဖြစ်သော ပေါက်တောမြို့ကို မြို့မြေ ဧရိယာနယ်နိမိတ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမည်ပေါက် မြို့တစ်မြို့ဖြစ်သော ပေါက်တောမြို့ကို မြို့မြေဧရိယာ နယ်နိမိတ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်း ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမည်ပေါက်မြို့တစ်မြို့ဖြစ်သော ပေါက်တောမြို့အား မြို့ဧရိယာနယ်နိမိတ်အဖြစ် သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရမှ အစီအစဉ် ရှိ/မရှိဆိုတဲ့မေးခွန်းကို မေးသွားမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်ပြီး ပေါက်တောမြို့ ဖြစ်ပေါ်လာရခြင်းအကြောင်းကို ကျွန်တော် တင်ပြဆွေးနွေးပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပေါက်တောမြို့ဟာ ယခင်က ရမ္မာဝတီမြို့လို့ခေါ်တဲ့ ယခု ရမ်းဗြဲမြို့လို့ခေါ်တဲ့ ဇင်ချောင်း ကျေးရွာမှ ရွာစားကြီး ဦးစံဖြူအောင်နှင့် ဇနီးဒေါ်မိလှမေ မိသားစုတစ်စုဟာ ယခု ပေါက်တောမြို့နယ်၊ သရွဲကျေးရွာနေ ဦးမြဖော်အောင်၏ ကျွဲ၊ နွား စားကျက်ကွင်းဖြစ်သော ပေါက်တောမြို့တည်နေရာအား ရခိုင်ငွေသား ဒင်္ဂါး(၃၀)ဖြင့်ဝယ်ယူပြီး ကွင်းပြင်တွင် ပေါက်ရောက်နေသည့် ပေါက်ပင်များအား ခုတ်ထွင်ရှင်းလင်းကာ မြန်မာသက္ကရာဇ်၏ ၁၁၄၆ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၈၇ ခုနှစ်တွင် ရွာတည်ပြီး နေထိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဆိုလိုသည်က ၁၁၄၆ နှင့် ၁၇၈၄ ဟာ ရခိုင်တို့၏ ကျူးကျော်စစ်ပွဲ ကာလဖြစ်ပါတယ်။ သရွဲပေါက်တောဟု ခေါ်တွင်ခဲ့ပါတယ်။ မြန်မာသက္ကရာဇ် ၁၂၄၈ ခုနှစ်၊ ခရစ် သက္ကရာဇ် ၁၈၈၇ ခုနှစ်သို့ရောက်သောအခါ ရခိုင်ပြည်နယ်အား အင်္ဂလိပ်အစိုးရ သိမ်းပိုက်အုပ်ချုပ်ပြီး သရွဲပေါက်တောရွာဟာ ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရာတွင် အချက်ကျသည့် ဆိပ်ကမ်း ကျေးရွာဖြစ်နေသောကြောင့် သရွဲပေါက်တောအား ပေါက်တောမြို့အဖြစ် သတ်မှတ်ကာ မြို့ပိုင်တစ်ဦး နှင့် ရုံးစိုက်ရာမြို့အဖြစ် သတ်မှတ်ခဲ့ရာမှ မြန်မာသက္ကရာဇ် ၁၂၅၁ ခုနှစ်၊ ခရစ်သက္ကရာဇ် ၁၈၉၈ ခုနှစ် မှစတင်၍ ပေါက်တောမြို့ဟုခေါ်တွင်လာခဲ့ပါတယ်။

ဒါကြောင့် ခေတ်အဆက်ဆက်ဖြတ်သန်းလာခဲ့ရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၁၂-၁၂-၁၉၇၂ နေ့စွဲပါ စာအမှတ်-၁၀၃/၃၀ စိတ်(၁) ဖြင့် ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာအရ ၁၉၇၂ ခုနှစ်မှ စတင်၍ ပေါက်တောမြို့အား (ခ)အဆင့် မြို့နယ်အဖြစ်သတ်မှတ်ပြီး ၁၉၇၄ ခုနှစ်မှစတင်ကာ နိုင်ငံတော်ကောင်စီမှ အုပ်ချုပ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ တပ်မတော်အစိုးရ အုပ်ချုပ်ပြီး မြို့တွင်းစိမ်းလန်းစိုပြည်သာယာလှပရေးအတွက် မြို့တွင်းရှိမြေသားလမ်းများအား ကတ္တရာလမ်းများအဖြစ် တိုးချဲ့ဖောက်လုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရလက်ထက်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဆောင်ရွက်ခြင်း၊ ဒေသ၏စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူမှုရေးများ ဖွံ့ဖြိုးတိုးတက်စေရန် တိုးချဲ့ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ပေါက်တောမြို့သည် မြန်မာနိုင်ငံ၏ အနောက်ဘက်တွင်တည်ရှိပြီး ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်တွင် တည်ရှိပါတယ်။ ပေါက်တောမြို့နယ်ဟာ မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၆ မိနစ်နှင့် ၂၀ ဒီဂရီ ၂၂ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၃ မိနစ်အကြားတွင် တည်ရှိပါတယ်။ အရှေ့မှ အနောက်သို့ (၁၉)မိုင်နှင့်တောင်မှမြောက်သို့ (၄၀)မိုင်ရှည်လျားပြီး မြို့နယ်ဧရိယာမှာလည်း စတုရန်းမိုင်(၄၁၃.၇၄)ကျယ်ဝန်းသော မြို့နယ်တစ်ခုဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမည်ပေါက် မြို့တစ်မြို့ဖြစ်တဲ့ ပေါက်တောမြို့အား မြို့မြေဧရိယာ နယ်နိမိတ်အဖြစ် သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရတွင် အစီအစဉ် ရှိ/မရှိကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စုရှိ သိမ်ဇရပ်ကျေးရွာကို မြို့အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမြင့်(ခ)ဦးလှမြင့်သန်းက မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စုရှိ သိမ်ဇရပ်ကျေးရွာကို မြို့အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ပြည်ထောင်စုဝန်ကြီးနဲ့ လွှတ်တော်အတွင်းရှိ ပုဂ္ဂိုလ်အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း

ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်ပြီးတော့ အချက်အလက်များ၊ အကြောင်းရင်းခံများကို တင်ပြသွားပါမယ်။

ကျွန်တော့်မဲဆန္ဒနယ် ကျိုက်ထိုမြို့နယ်မှာရှိတဲ့ သိမ်ဇရပ်ကျေးရွာအုပ်စုမှ သိမ်ဇရပ်ကျေးရွာဟာ ၁၉၆၀ ခုနှစ်နှောင်းပိုင်း စစ်တောင်းစက္ကူစက်ကြီးဖွင့်လှစ်ပြီးတဲ့နောက် ဝန်ထမ်းပေါင်း (၁၀၀၀) ကျော် အိမ်ခန်းပေါင်း၊ ဝန်ထမ်းအိမ်ရာပေါင်း(၉၉၄)ခန်းကို ဆောက်လုပ်ပေးခဲ့တဲ့အပြင် မူလသိမ်ဇရပ်ရွာမလို့ခေါ်တဲ့ ရွာကလေးကလူများ၊ စက္ကူစက်ဝန်ထမ်းများကို အမှီပြုပြီးတော့ ရောင်းဝယ်ဖောက်ကား စားသောက်ဖို့ လုပ်ငန်းအတွက် လာရောက်အခြေချတဲ့သူများ၊ ပြီးတော့ စက္ကူစက်လုပ်ငန်းနှင့် ပတ်သက်ပြီးတော့ လုပ်ကိုင်ဖို့လာရောက်ကြတဲ့သူများကြောင့် တစ်စတစ်စ စည်ကားတိုးတက်လာရာမှာ အခုဆိုလို့ရှိရင် ရပ်ကွက်ပေါင်း(၁၅)ခု၊ အိမ်ခြေပေါင်း(၄၅၂၈)အိမ်၊ လူဦးရေပေါင်း (၂၁၃၇၄)ယောက်၊ ပြီးတော့ (၂.၆၇)ဧကကျယ်တဲ့ စည်ပင်ကွပ်ကဲတဲ့ ဈေး၊ ပညာရေးဘက်မှာဆိုရင်လည်း အ.ထ.က ကျောင်း(၁)ကျောင်း၊ အ.ထ.က(ခွဲ)ကျောင်း(၁)ကျောင်း၊ အ.လ.က(၁)ကျောင်း၊ မူလတန်းကျောင်း(၁၂) ကျောင်းတို့မှာ ကျောင်းသားပေါင်း (၅၁၁၄)ယောက်ဟာ ဆရာ၊ ဆရာမပေါင်း (၁၇၉)ဦးနဲ့ ပညာသင်ကြားလျက်ရှိပါတယ်။ ကျန်းမာရေးအတွက်ဆိုလျှင်လည်းပဲ (၂၅)ခုတင်ဆံ့ ဆေးရုံ(၁)ရုံ၊ စက္ကူစက်ရဲ့ ခုတင် (၄၀)ဆံ့ သံဃာဆောင်နဲ့ ခွဲစိတ်ဆောင်ပါ ဆေးရုံ(၁)ရုံ၊ ပြီးတော့ စာကြည့်တိုက်(၇)ခု၊ နေ့ကလေးထိန်းကျောင်းများဖြစ်တဲ့ ရွှေလွှာဦး၊ ရွှေလွှာမြိုင်၊ ပတ္တမြားရပ်ကွက်တွေမှာ နေ့ကလေးထိန်းကျောင်း (၄)ကျောင်း၊ လျှပ်စစ်မီးရရှိမှုအခြေအနေကို ကြည့်မယ်ဆိုရင်လျှင်ပဲ ဝန်ထမ်းရပ်ကွက်(၄)ခုကို သိမ်ဇရပ် လျှပ်စစ်ဓာတ်အားခွဲရုံကနေပြီးတော့ (၂၄)နာရီမီးပေးနေတဲ့အပြင် ကျန်ရပ်ကွက်များမှာလည်းပဲ ကိုယ်ထူကိုယ်ထစနစ်နဲ့ ဆောင်ရွက်ထားတာကြောင့် အဲဒီ လျှပ်စစ်ဓာတ်အားခွဲရုံမှာပဲ မီး(၂၄)နာရီ ပေးလျက်ရှိပါတယ်။

သောက်သုံးရေဖြန့်ဝေမှုနဲ့ ပတ်သက်လို့လည်းပဲ ဧက(၂၀)ရှိတဲ့ သဘာဝရေကန်ကနေပြီးတော့ ဝန်ထမ်းရပ်ကွက်(၄)ခုကို ရေပေးလျက်ရှိပါတယ်။ ကျန်ရပ်ကွက်များအတွက်ဆိုရင်တော့ ကိုယ်ထူကိုယ်ထ ရေတွင်းများကနေ ရေသုံးစွဲလျက် ရှိပါတယ်။ သုသာန်မြေနဲ့ ပတ်သက်ပြီးလို့ရှိရင်လည်းပဲ (၅.၅)ဧက ကျယ်ဝန်းတဲ့ မြေရှိတဲ့အပြင် မိလ္လာနဲ့ အမှိုက်စွန့်ပစ်ဖို့ ရွာပတ်ဝန်းကျင်မှာ မြေကွက်များ အလုံအလောက် ရှိနေပါတယ်။ ကျေးရွာဘုံမြေအတွက်ဆိုရင်လည်းပဲ ကျောက်စက်ကုန်းလို့ခေါ်တဲ့ မြေနေရာရှိနေပါတယ်။ အားကစားကွင်းနဲ့ အားကစားရုံနဲ့ ပတ်သက်လို့ရှိရင်လည်းပဲ ပြေးလမ်းနဲ့ ပွဲကြည့်စင်ပါတဲ့ အုတ်တံတိုင်းခတ်ပြီး (၅.၀၅)ဧကကျယ်ဝန်းတဲ့ ဘောလုံးကွင်း(၁)ကွင်း ရှိပါတယ်။ ရပ်ကွက်ဘောလုံးကွင်း(၇)ခု၊ ကလေးအားကစားကွင်း(၂)ခု၊ မြို့နယ်အဆင့်မီ မိုးလုံလေလုံ အားကစားရုံ(၁)ရုံ၊ ပြီးတော့ ဧည့်ရိပ်သာဆိုရင်လည်းပဲ ရွှေသံလွင်ကုမ္ပဏီက Board Value နဲ့ ယူသွားတဲ့ နိုင်ငံတော်အဆင့် ဧည့်ရိပ်သာ(၁)ခု၊ လမ်းပန်းဆက်သွယ်ရေးကို ကြည့်မယ်ဆိုရင်လည်းပဲ သိမ်ဇရပ်ကျေးရွာဟာ ကျိုက်ထိုမြို့နယ်ရဲ့ အနောက်ဘက်စွန်းမှာရှိပြီးတော့ စစ်တောင်းမြစ်ကမ်းပါးမှာရှိတဲ့အပြင် ရန်ကုန်-မော်လမြိုင် ကားလမ်း၊ ရထားလမ်းများက ရွာကိုဖြတ်သွားတဲ့အတွက် မီးရထားဘူတာရုံ(၁)ခု၊ ကားဂိတ်(၂)ခု၊ စစ်တောင်းမြစ်ဘေးမှာ မော်တော်ဆိပ်(၁)ခုတို့ ရှိပါတယ်။

ရွာထဲမှာလည်းပဲ ကတ္တရာလမ်း(၅)မိုင်၊ ကိုယ်ထူကိုယ်ထ ကွန်ကရစ်လမ်းများရှိတဲ့အပြင် တယ်လီဖုန်း Exchange(၁)ရုံ၊ စာတိုက်နှင့်ကြေးနန်း(၂)ရုံ ရှိနေပါတယ်။ မီးသတ်ကား(၁)စီးနှင့် အရန်မီးသတ်တပ်ဖွဲ့လည်း ရှိပါတယ်။ အုပ်ချုပ်ရေးနဲ့ လုံခြုံရေးတို့ဘက်က ကြည့်မယ်ဆိုရင်လည်းပဲ ရဲစခန်း(၁)ခု၊ ကျေးရွာအုပ်ချုပ်ရေး(၁)ခုရှိတဲ့အပြင် ခလရ(၂)၊ ခမရ(၂၀၇)၊ အမှတ်(၃၀၁) အမြောက်တပ်ရင်းတို့ ရုံးစိုက်ထားပါတယ်။

လက်ရှိအခြေအနေက မြို့အင်္ဂါရပ်များနဲ့ညီညွတ်နေရုံမျှမက သံလွင်ဟိုင်းဝေးကုမ္ပဏီက ကတိပေးထားတဲ့အတိုင်း Industrial Complex ကို မှန်မှန်ကန်ကန် အကောင်အထည်ဖော်မယ်ဆိုရင် ဒါထက် စည်ကားတိုးတက်လာမယ့် အခြေအနေရှိတာကြောင့် ကျေးရွာနေပြည်သူများက သိမ်ဇရပ်ကျေးရွာကို မြို့အဖြစ် သတ်မှတ်ပေးစေလိုကြပါတယ်။

ကျွန်တော်တင်ပြခဲ့တဲ့ အချက်အလက်များဟာ မြို့အင်္ဂါရပ်များနဲ့ ပြည့်စုံနေတဲ့အတွက် ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာကို မြို့အဖြစ် သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ ဒေသခံပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မှော်ဘီချောင်းဝကျေးရွာအုပ်စု၊ သိုက်ကုန်းကျေးရွာနှင့် နှောကုန်းကျေးရွာများရှိ အိမ်ထောင်စု(၁၅၈)စု၊ မိသားစု(၄၇၉)စုတို့သည် မှော်ဘီမြို့နယ် ကောင်စီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစတင်၍ မြေလွတ် (၂၈၀)ဧကပေါ်တွင် လူနေအိမ်နှင့် သီးနှံစိုက်ပျိုးရေးလုပ်ကိုင်စားသောက်ခွင့် ပြုထားခဲ့သောကြောင့် အဆိုပါ မြေကွက်ပေါ်တွင် ဆက်လက်နေထိုင်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် က ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မှော်ဘီချောင်းဝကျေးရွာအုပ်စု၊ သိုက်ကုန်းကျေးရွာနှင့် နှောကုန်းကျေးရွာများရှိ အိမ်ထောင်စု(၁၅၈)စု၊ မိသားစု(၄၇၉)စုတို့သည် မှော်ဘီမြို့နယ် ကောင်စီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းမှစတင်၍ မြေလွတ်(၂၈၀)ဧကပေါ်တွင် လူနေအိမ်နှင့် သီးနှံစိုက်ပျိုးရေးလုပ်ကိုင်စားသောက်ခွင့် ပြုထားခဲ့သောကြောင့် အဆိုပါ မြေကွက်ပေါ်တွင် ဆက်လက်နေထိုင်ခွင့်ပြုနိုင်ခြင်း ရှိ/မရှိကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများ ပြည့်စုံလျက် မင်္ဂလာအပေါင်းနှင့် ခညောင်းကြပါစေကြောင်း ဦးစွာပထမ နှုတ်ဆက်ဆုတောင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။


ကျွန်တော့်မေးခွန်းကို အထောက်အကူဖြစ်စေဖို့ Projector၊ Power Point အသုံးပြုခွင့် ပေးပါရန် ကြိုတင်တောင်းခံအပ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ မှော်ဘီချောင်းဝကျေးရွာအုပ်စု၊ သိုက်ကုန်းကျေးရွာမှာ လွန်ခဲ့သော (၃၆)နှစ်ကတည်းက သမာအာဇီဝကောင်းသော အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ သစ်သီးဝလံ၊ ပန်းမန်စိုက်ပျိုးရောင်းချသော အိမ်ထောင်စု(၁၀၀)ကျော်တို့ အခြေတကျ နေထိုင်ခဲ့ကြပါတယ်။ ၁၉၈၁ ခုနှစ်က မူလဇာတိ ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်အတွင်း လယ်ယာစိုက်ပျိုးရေးရွာတွေဟာ ရေကြီး၊ ရေမြုပ်ဒဏ် မခံနိုင်တော့တဲ့အပြင် ပင်လယ်ပိုင်းမှ လှေစီးဝင်ရောက်ခဲ့သော သောင်းကျန်းသူအချို့ကို နှိမ်နင်းတဲ့ စစ်ဆင်ရေးတွေမှာ ရွာလုံးကျွတ်ထွက်ပြေးရပြီး စစ်ဘေးဒဏ်ကို ရှောင်ခဲ့ကြရပါတယ်။

အင်းစိန်ခရိုင် ပြည်သူ့ကောင်စီဥက္ကဋ္ဌနဲ့ မှော်ဘီမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌတို့ရဲ့ ခွင့်ပြုချက်နဲ့ နှောကုန်းကျေးရွာနဲ့စပ်လျက် မြေဧက(၂၅၀)ကျော် မြေလွတ်၊ မြေရိုင်းကို ခုတ်ထွင်ရှင်းလင်းပြီး အသီးအနှံစိုက်ပျိုးထုတ်လုပ်ခြင်း၊ နေအိမ်တည်ဆောက်ခြင်း၊ ကိုယ့်အားကိုယ်ကိုး ရွာတွင်း ဆက်သွယ်ရေးလမ်းဖောက်ခြင်း၊ ရွာပြင်ပဆက်သွယ်ရေးလမ်းများကို ဖောက်ခဲ့ကြပါတယ်။ ဘူးသီး၊ ခဝဲသီး၊ မုံညှင်း၊ ဂေါ်ဖီ၊ တိုင်ထောင်ပဲ၊ ပဲစောင်းလျား၊ ပဲလင်းမြွေ၊ မုန်လာဥ၊ ချဉ်ပေါင်၊ ဒန့်သလွန်၊ ပြောင်းဖူး၊ ကန်စွန်းဥ၊ ကြက်သွန်နီ၊ နံနံပင်(၃)မျိုးဖြစ်တဲ့ ဗမာနံနံ၊ ရှမ်းနံနံ၊ တရုတ်နံနံ၊ မာလကာ၊ သြဇာ၊ သရက်သီးများကို နေ့စဉ်သော်လည်းကောင်း၊ ရာသီအလိုက်သော်လည်းကောင်း ရန်ကုန်တိုင်းတစ်တိုင်းလုံး စားသုံးသူပြည်သူတွေအတွက် သီရိမင်္ဂလာဈေး၊ အင်းစိန်ဈေး၊ ဒညင်းကုန်း၊ ကုန်ဈေးတန်းနှင့် အဝယ်ဒိုင်များသို့ တင်ပို့ခဲ့၊ တင်ပို့ဆဲ ဖြစ်ပါတယ်။

Power Point မှာ တင်ပြထားတဲ့အတိုင်း ကျောင်း၊ ကန်၊ ဘုရား၊ စေတီ ပြည့်စုံစွာ လှူဒါန်းဆောက်လုပ်နိုင်သည်သာမက ကိုယ်ပိုင်ကျေးလက်ဆေးပေးခန်း၊ မူလတန်းလွန်စာသင်ကျောင်း၊ နေ့ကလေးထိန်းမူကြိုကျောင်း၊ ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးတို့ဖြင့် ပြည့်စုံအောင် ဖွဲ့စည်းတည်ဆောက်ထားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်၏ မဲဆန္ဒရှင်များဖြစ်သော နှောကုန်းနဲ့ သိုက်ကုန်းကျေးရွာမှ အိမ်ထောင်စု(၁၅၈)စုတို့အား လက်ရှိမြေပေါ်တွင် တရားဝင်ဆက်လက်နေထိုင်ခွင့်ပြုနိုင်ခြင်းရှိ/မရှိကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

နှစ် (၃၀)အတွင်း ဖွံ့ဖြိုးတိုးတက်လာသော သိုက်ကုန်းကျေးရွာမြင်ကွင်းပုံ(ည)




နှစ် (၃၀)အတွင်း ဖွံ့ဖြိုးတိုးတက်လာသော သိုက်ကုန်းကျေးရွာမြင်ကွင်းပုံ(ည-၁)



နှစ် (၃၀)အတွင်း ဖွံ့ဖြိုးတိုးတက်လာသော သိုက်ကုန်းကျေးရွာမြင်ကွင်းပုံ(ည-၂)



**ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ဆင်၊ ကျွဲ၊ နွားများအတွက် စားကျက်မြေ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးနောင်နဂျာတန် က ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ဆင်၊ ကျွဲ၊ နွားများအတွက် စားကျက်မြေသတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၄)မှ ဦးနောင်နဂျာတန် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်းရှိ အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ဆင်၊ ကျွဲ၊ နွားများအတွက် စားကျက်မြေ သတ်မှတ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ မေးမြန်းခြင်း ဖြစ်ပါတယ်။

မေးခွန်း မေးမြန်းခြင်းအကြောင်းအရင်းမှာ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်သည် လူဦးရေ ထူထပ်လာသည်နှင့်အလျောက် အသက်မွေးဝမ်းကျောင်းပြုရာတွင် အသုံးပြုသော အိမ်မွေးတိရစ္ဆာန် များဖြစ်သော ဆင်၊ ကျွဲ၊ နွားများ မရှိမဖြစ် လိုအပ်လာပါသည်။ ထိုတိရစ္ဆာန်များကို ထိန်းကျောင်းရန် အတွက် စားကျက်မြေများ လိုအပ်လာပါသည်။ မြို့၏ပတ်လည်များတွင်လည်း ဥယျာဉ်ခြံမြေများ ပြည့်နှက်နေပါသဖြင့် အိမ်မွေးတိရစ္ဆာန်များဖြစ်သော နိုင်ငံတော်မှ ဆင်အကောင်ရေ မှတ်ပုံတင်အရ (၁၄၅)ကောင်၊ ကျွဲ၊ နွား အကောင်ရေ(၁၀၀၀)ကျော်ရှိပါသည်။ ထိုတိရစ္ဆာန်များကို ထိန်းကျောင်းရာမှာ သစ်တောမြေအဖြစ် နိုင်ငံတော်မှ သတ်မှတ်ထားသောနေရာသည် တောင်သူလယ်သမားများ၏ ဥယျာဉ်ခြံမြေများ အနည်းအကျဉ်းသာ ရှိပါသည်။ ၎င်းနေရာသည် တိရစ္ဆာန်အစာများလည်းပေါပြီး ရေမြေ အနေအထားလည်း ကောင်းပါသည်။ ၎င်းနေရာသည် တနိုင်းမြို့ လီဒိုလမ်း၏ အထက်ပိုင်း တဘိချောင်း၊ လမုန်ချောင်းအထက် ပြင်ရာချောင်းအထက်ပိုင်းတွင် သတ်မှတ်ပေးပါက အင်မတန် သင့်လျော်ပါသည်။

ထို့ကြောင့် လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ အထက်တွင် ဖော်ပြထားသောနေရာတွင် စားကျက်မြေ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါသည်။ အားလုံး လေးစားအပ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ မြို့မစည်ပင်သာယာဈေးကြီး၏ ပျံကျဈေးသစ်နေရာအား ကိုယ်ကျိုး အတွက် ရောင်းချထားသူများကို အရေးယူပေးရန်နှင့် ကူးတို့ခကို သတ်မှတ်နှုန်းထက်ပို၍ ကောက်ခံမှုကို အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ မြို့မစည်ပင်သာယာဈေးကြီး၏ ပျံကျဈေးသစ်နေရာအား ကိုယ်ကျိုး အတွက် ရောင်းချထားသူများကို အရေးယူပေးရန်နှင့် ကူးတို့ခကို သတ်မှတ်နှုန်းထက်ပို၍ ကောက်ခံမှုကို အရေးယူ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီကနေ့ ကျွန်တော် မေးမြန်း လိုတဲ့ မေးခွန်းကတော့ ကျောက်ဖြူမြို့၊ မြို့မစည်ပင်သာယာဈေးကြီး၏ ပျံကျဈေးနဲ့ အုန်းချောင်း ကူးတို့ခကို ပိုပြီးတော့မှ ကောက်ခံနေတဲ့အကြောင်းနှင့်ပတ်သက်၍ မေးမြန်းသွားဖို့ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့၊ စည်ပင်သာယာဈေးကြီး၏ ပျံကျဈေးကို ၂၀၁၃-၂၀၁၄ ခု၊ ရခိုင်ပြည်နယ် ဘတ်ဂျက်ဖြင့် သိန်း(၁၀၈၅)သိန်း အကုန်အကျခံပြီးတော့ (၂၀၀ x ၁၀၀)

ပေကို တိုးချဲ့ကာ စီစဉ်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ခေါင်းရွက်ဗျက်ထိုး ဈေးသည်များ ရောင်းချဖို့အတွက် ရည်ရွယ်ပြီးလုပ်ခဲ့တာ ဖြစ်ပါတယ်။ သို့ပေမယ့်လည်း တာဝန်ရှိတဲ့ စည်ပင်ဝန်ထမ်းဟာ ဈေးကော်မတီ၊ စည်ပင်သာယာကော်မတီနဲ့ တိုင်ပင်ခြင်းမရှိဘဲ ဆိုင်ခန်းများကို (၄ x ၃)ပေ တစ်ခန်းလျှင် (၈၀၀၀၀)ကျပ်စီနှင့် နေရာသတ်မှတ်ရောင်းပေးခဲ့ခြင်း ဖြစ်ပါတယ်။ ဆိုင်ခန်း စုစုပေါင်းမှာ (၃၂၁)ခန်းဖြစ်ပြီးတော့ ထိုရောင်းချတဲ့ ငွေများဟာလည်းပဲ အဖွဲ့အစည်းသို့ ဝင်ခဲ့ခြင်းမရှိပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့တစ်မြို့ရဲ့ သာယာလှပဖို့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စည်ပင်အခန်း ကဏ္ဍဟာလည်းပဲ အင်မတန်မှ အရေးကြီးသလို အခွန်အကောက်များဟာလည်း မှန်မှန်ကန်ကန် ဝင်ရောက်ဖို့ အရေးကြီးပါတယ်။ ဒီကနေ့ အထက်က ဖော်ပြခဲ့တဲ့အတိုင်း ခေါင်းရွက်ဗျက်ထိုးသမား တွေကို ရောင်းချနိုင်ရေးအတွက် စီစဉ်ပေးခဲ့သော်လည်း အမှန်တကယ် ရောင်းချခြင်းမရှိတဲ့ ပြင်ပမှ ပိုက်ဆံရှိတဲ့ ပုဂ္ဂိုလ်များကို တစ်ယောက်ကို (၅)ခန်း မှ (၁၀)ခန်းအထိ ရောင်းချပေးထားခြင်းကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ အုန်းချောင်းရှိ ကူးတို့ကိုလည်းပဲ သတ်မှတ် နှုန်းထား(၂၀၀)ကျပ်ပိုပြီးတော့မှ (၃၀၀)ထိကောက်ခံနေတာကို ကျွန်တော်ကိုယ်တိုင်လည်း စီးခဲ့ရပါတယ်။ ပြည်သူပြည်သားတွေက တိုင်ကြားလာတဲ့အတွက် ကျွန်တော်တို့ဟာ စည်ပင်ကော်မတီမှာ လွှတ်တော် ကိုယ်စားလှယ်များ အပါအဝင် ဈေးကော်မတီ၊ ဈေးသူဈေးသားများနှင့် ညှိနှိုင်းတိုင်ပင်ခဲ့တာလည်း နှစ်ကြိမ်တိုင်တိုင်ရှိခဲ့ပါတယ်။ သို့သော်လည်း မည်သည့်အကြောင်းအရာမှ ထူးခြားခြင်းမရှိဘဲနဲ့ ဒီအတိုင်းပဲ ဆက်ထားနေခဲ့တာ အခုချိန်ဟာဆိုလို့ရှိရင် (၂)နှစ်ကျော်ခဲ့ပါပြီ။ ဒီလိုမျိုးအဆင်ပြေမှုတွေ မလုပ်ပေးတဲ့ အတွက် ဈေးသူဈေးသားများဟာ ပြည်သူပြည်သားများသွားနေတဲ့ လမ်းမပေါ် ထွက်ပြီးတော့မှ ဆန္ဒ ဖော်ထုတ် ဈေးရောင်းချခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ထပ်ပြီးတော့ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ် များနှင့် တွေ့ဆုံပြီးတော့ လုပ်တဲ့အခါမှာလည်း ရလဒ်ကောင်းတဲ့ အဖြေများမရဘဲနဲ့ ရှောင်လွှဲပြီးတော့ ဖြေကြားနေတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်ဟာ မြို့နယ်နှင့် မရတဲ့အတွက် ပြည်နယ်ဝန်ကြီးဆီ မှာ တိုင်ကြားခဲ့ပါတယ်။ သို့သော်လည်း အကြောင်းမထူးလာပါ။ ဒါကြောင့်မို့လို့ ပြည်ထောင်စုအဆင့်မှာ အခုလို မေးခွန်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒီလိုမျိုးကိုယ်ကျိုးအတွက် ရောင်းချထားတဲ့ ဆိုင်ခန်းတွေ သိပါလျက်နဲ့ ဘယ်သူ့မှာ တာဝန်ရှိတယ်၊ ဘယ်သူက လုပ်တယ်ဆိုတာလည်း ပေါ်လွင်ပါလျက်နဲ့ ဘာကြောင့် အရေးယူဆောင်ရွက်ခွင့် မရှိသလဲဆိုတာကို သိလိုခြင်းဖြစ်တဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင် (၆၆) ထောင်အတွက် အကျဉ်းထောင် ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံစွာ သီးသန့် ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကိုကိုနိုင် က မြန်မာနိုင်ငံအတွင်းရှိ အကျဉ်းထောင်(၆၆)ထောင်အတွက် အကျဉ်းထောင်ဆရာဝန်များ၊ သူနာပြုများ၊

ကျန်းမာရေးမှူးများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံစွာ သီးသန့်ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ ဟုတ်ကဲ့ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကျွန်တော့်အနေနဲ့ မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့မေးမြန်းမယ့် မေးခွန်းကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အကျဉ်းထောင် (၆၆)ထောင်အတွက် အကျဉ်းထောင်ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ အပါအဝင် ကျန်းမာရေးဝန်ထမ်းများ ပြည့်စုံစွာ သီးသန့်ခန့်အပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် ၎င်းမေးခွန်းအတွက် PowerPoint သုံးစွဲခွင့်ပြုပါရန်လည်း လေးစားစွာဖြင့် ကြိုတင်တောင်းခံ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံမှာ အင်းစိန်ထောင်ကြီးအပါအဝင် အကျဉ်းထောင်ပေါင်း(၆၆)ထောင်ရှိပါတယ်။ အကျဉ်းထောင်များကိုလည်း (က)အဆင့်မှ (ဃ)အဆင့်ထိ အဆင့်(၄)ဆင့်သတ်မှတ်ကာ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနမှ စီမံအုပ်ချုပ်ခဲ့ပါတယ်။ အကျဉ်းထောင်များအတွင်း ပြစ်ဒဏ်ကျခံနေရတဲ့ များစွာသော လူပုဂ္ဂိုလ်အကျဉ်းသား အမျိုးသား၊ အမျိုးသမီးများဟာ ၎င်းတို့ရဲ့ ပြစ်ဒဏ်ခံစားနေရတဲ့ကာလအတွင်းမှာ အကျဉ်းထောင်အတွင်း နေထိုင်စားသောက်ရမှု၊ ချိုးရေ၊ သောက်သုံးရေမှအစ ထောင်အဝတ်အစား၊ ရေအိမ်အသုံးပြုရမှု၊ ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် စာပေဗဟုသုတ လေ့လာဖတ်ရှုမှု၊ ကိုယ်လက်လှုပ်ရှားဆောင်ရွက်မှု စသည်တို့ဟာ များစွာသော အားနည်းချက်များရှိနေပါတယ်။ သို့ပါသော်လည်းပဲ ထိုများစွာသော လိုအပ်ချက်များထဲမှ ကျန်းမာရေးစောင့်ရှောက်မှုကတော့ အားအနည်းဆုံးနဲ့ အလိုအပ်ဆုံးသော အရေးကြီးဆုံးကိစ္စရပ်တစ်ခု ဖြစ်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့အကျဉ်းထောင်များမှာ ခေတ်အဆက်ဆက် အကျဉ်းသားဦးရေ(၇၀၀၀)မှာ ဆရာဝန်(၁)ဦးနှုန်းသာ ခန့်ထားနိုင်ခဲ့ပြီးတော့မှ အချို့အကျဉ်းထောင်များမှာ အကျဉ်းထောင်ဆေးရုံ၊ ဆေးခန်းပင် မရှိပါကြောင်းနှင့် အကျဉ်းထောင်(၁၂)ခုမှာ ထောင်ဆရာဝန်ပင် မရှိပါကြောင်း လေ့လာသိရှိခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာရှိတဲ့ အကျဉ်းထောင်(၆၆)ထောင်အတွက် ဖွဲ့စည်းပုံအရတော့ ဆရာဝန်(၁၁၈)ဦးခန့်ထားမည်ဖြစ်သော်လည်း ဆရာဝန်(၃၀)ဦးသာ ခန့်ထားပေးနိုင်ခြင်း၊ သူနာပြု(၁၉၉)ဦးရှိရမည်ဖြစ်သော်လည်း (၈၀)ဦးသာခန့်ထားပေးနိုင်ခြင်း၊ သူနာပြုအဆင့်(၄)(၆၃)ဦး ရှိရမည်ဖြစ်သော်လည်း (၃၈)ဦးသာ ခန့်ထားနိုင်တဲ့အတွက် များစွာသော လိုအပ်ချက်များရှိနေပါတယ်။ ထိုများစွာသော လိုအပ်ချက်များကြောင့် ထောင်အတွင်းက ကျန်းမာရေးစောင့်ရှောက်မှုများ၊ များစွာအားနည်းခဲ့ရပြီး ထိုအကျိုးဆက်ကတော့ ကျန်းမာရေးချို့တဲ့တဲ့ ထောင်အကျဉ်းသားများ များပြားလာခြင်း ဖြစ်ပါတယ်။

အကျဉ်းထောင်အတွင်းမှာ အခန်းများအလွန်ကျဉ်းမြောင်းနေခြင်း၊ ထားရှိတဲ့ အကျဉ်းသား ဦးရေထက် အဆမတန်များပြားနေခြင်း၊ ရောဂါရှိသူအကျဉ်းသားနှင့် ရောဂါမရှိသူ အကျဉ်းသား ခွဲခြားပြီးမထားနိုင်ခြင်း၊ ရေအိမ်တစ်လုံးကို လူ(၈၀)(၉၀)အသုံးပြုနေရခြင်းစတဲ့ လိုအပ်ချက်များဟာ အကျဉ်းသားများရဲ့ ကျန်းမာရေးဟာ ပိုမိုဆုတ်ယုတ်စေခဲ့ပါတယ်။ အကျဉ်းထောင်အတွင်းမှာ ဝင်ဆံ့တဲ့ အကျဉ်းသားဦးရေထက် အကျဉ်းသားဦးရေ(၃၀၀၀၀)ခန့်ပိုလျှံနေတယ်လို့လည်း သိရှိခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကျဉ်းထောင်များအတွင်းသို့ ထောင်ဆရာဝန်များက အမြဲတမ်းလာ မကြည့်နိုင်ခြင်း၊ နေ့စဉ်ကြည့်မပေးနိုင်ခြင်း၊ ပြင်ပဆေးရုံများသို့ အကျဉ်းသားလူနာများကို အချိန်မီ မပို့နိုင်ခြင်းတို့ကြောင့် ထောင်အတွင်းမှာပဲ အသက်ဆုံးရှုံးခဲ့ရတဲ့ အကျဉ်းသားများရှိခဲ့တယ်လို့လည်း သိရှိခဲ့ရပါတယ်။ အထူးသဖြင့် အမျိုးသမီးအကျဉ်းသူများအနေနဲ့လည်း HIV, AIDS, ART ဆေးများ မရရှိခြင်း၊ အမျိုးသမီးများရဲ့ လစဉ်သုံးပစ္စည်းများ လုံလောက်စွာမပေးခြင်း၊ ကိုယ်ဝန်ဆောင်အကျဉ်း သူများ မီးဖွားရာမှာ အခက်အခဲရှိခြင်း၊ မွေးဖွားလာတဲ့ကလေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိခြင်းတို့ကလည်း ကျန်းမာရေးအတွက် စိန်ခေါ်မှုတစ်ရပ် ဖြစ်နေပါတယ်။ အလျဉ်းသင့်လို့ တင်ပြလိုပါသေးတယ်။ သရက်အကျဉ်းထောင်မှာ အကျဉ်းသူတစ်ဦး သရက်ခရိုင်မှာ မီးဖွားပြီးတဲ့နောက် လူနာခုတင်မှာ ခြေထောက်နဲ့လက်တို့ကို သံကြိုးခတ်ထားတဲ့ကိစ္စဟာ လူမှုကွန်ယက်စာမျက်နှာမှာ ပျံ့နှံ့ သွားလို့ အများပြည်သူကြား တော်တော်လေး ဝေဖန်ခံလိုက်ကြရပါတယ်။ ဘာပဲပြောပြော ပြစ်မှု ကျူးလွန်သူများအတွက် ကျူးလွန်တဲ့ပြစ်ဒဏ်အပေါ် ဥပဒေအရ ပြစ်ဒဏ်စီရင်ပြီးတဲ့အခါမှာတော့ ၎င်းဟာ လူသားတစ်ဦးဖြစ်တယ် ဆိုတာကိုတော့ ကျွန်တော်တို့ မေ့ထားလို့မရပါဘူး။ ဒါကြောင့်မို့လို့ လူသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအရ လိုအပ်နေတဲ့ လူနေမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများကိုတော့ ခံစားပိုင်ခွင့်ရှိစေရမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်နိုင်ငံသားတို့ရဲ့ မူလအခွင့်အရေး ကော်မတီအနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းအကျဉ်းထောင်၊ ကယားပြည်နယ်၊ လွိုင်ကော် အကျဉ်းထောင်နှင့် မွန်ပြည်နယ် သထုံအကျဉ်းထောင်အပါအဝင် ရင်းကြိမ်ရဲစခန်းနဲ့ တောင်စွန်း ရဲစခန်းများကို ကွင်းဆင်းလေ့လာစစ်ဆေးတဲ့အခါမှာ ထောင်များရဲ့ လိုအပ်ချက်များစွာကို ကျွန်တော်တို့ ကိုယ်တိုင်ကိုယ်ကျတွေ့ဆုံခဲ့ရပါတယ်။ တစ်ရက်ကို အကျဉ်းသားတစ်ဦးရဲ့ စားစရိတ်ဟာ (၆၀၀) လောက်နဲ့သာ ခွင့်ပြုစားသောက်နေရတဲ့ဘဝမှာ အဟာရပြည့်ဝကျန်းမာဖို့ဆိုတာ မလွယ်ကူလှပါဘူး။ နှာစေး၊ ခေါင်းကိုက်ကအစ ဗိုက်နာ၊ ဗိုက်အောင့် အပါအဝင် ပါရာစီတမောလ်၊ ဂျယ်မက်စတဲ့ဆေးကို တောင် အလုံအလောက်မပေးနိုင်သေးဘဲ ယားနာလိမ်းဆေး ဆေးဝါးထောက်ပံ့မှုအလုံလောက် မရရှိ နိုင်တဲ့ အကျဉ်းသားများရဲ့ ကျန်းမာရေး အာမခံချက်ဟာ ဘယ်အခြေအနေမှာ ရှိနေတယ်ဆိုတာ ယခု လွှတ်တော်အတွင်းမှာ ရောက်ရှိနေတဲ့ နိုင်ငံရေးအကျဉ်းသား လွှတ်တော်ကိုယ်စားလှယ်(၁၂၀)ကျော်ရှိ တဲ့ လွှတ်တော်ကြီးက အသိဆုံးဖြစ်ပါလိမ့်မယ်။ ကွယ်လွန်သူ သတင်းစာဆရာကြီး ဦးဝင်းတင် ကတော့ ခေတ်အဆက်ဆက် ကျွန်တော်တို့နိုင်ငံရဲ့ အကျဉ်းထောင်များကို လူ့ငရဲလို့ပင် ကင်ပွန်းတပ်ခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး၊ ကိုယ်စားလှယ်ကြီး မေးခွန်းတွေက နည်းနည်းလွဲချော်နေတယ်။ မေးခွန်းက ဆရာဝန်တွေ ထားဖို့၊ ပြုဖို့မေးတာ လိုရင်းပဲ ဆုံးအောင်မေးပါ။

**ဦးကိုကိုနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ ပြီးပါပြီခင်ဗျား။ သို့ပါ၍ အကျဉ်းထောင်များအတွင်းက လိုအပ်ချက်များကို လက်ရှိ နိုင်ငံစီးပွားရေးအရ သိရှိနေပါသော်လည်းပဲ တစ်နိုင်ငံလုံးရဲ့ အကျဉ်းထောင်များရှိ အကျဉ်းသားများ အားလုံးတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုတော့ လက်ရှိ ပကတိအခြေအနေမှ တိုးမြှင့်ဆောင်ရွက်ပေးပါရန်နှင့် တစ်နိုင်ငံလုံးရှိ အကျဉ်းထောင် (၆၆)ထောင်အတွက် ပြည်ထောင်စုအစိုးရမှ ဆရာဝန်၊ ဆရာမ၊ သူနာပြု၊ ကျန်းမာရေးမှူးများ၊ ပြည့်စုံလုံလောက်စွာ ခန့်ထားပေးနိုင်ရေး ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရမည်းသင်းအကျဉ်းထောင်သို့ သွားရောက်လေ့လာခြင်း မြင်ကွင်းပုံ (၄)



ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ အမျိုးသားအကျဉ်းထောင်ရှိ အကျဉ်းသားများ၏ နေထိုင်စားသောက်မှု ၊ ကျန်းမာရေးအခြေအနေများကို မေးမြန်းခြင်းနှင့် အားပေးစကားပြောကြားနေခြင်းမြင်ကွင်းပုံ (၄-၁)



ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များမှ အလုပ်သမားအခွင့်အရေး ရရှိရေးနှင့် စပ်လျဉ်း၍ ဖမ်းဆီးထိန်းသိမ်းခံထားရသော လှုပ်ရှားသူများ၊ အမျိုးသမီးအကျဉ်းထောင်ရှိ အကျဉ်းသားများ၏ နေထိုင်စားသောက်မှု၊ ကျန်းမာရေးအခြေအနေများကို မေးမြန်းခြင်းနှင့် အားပေးစကားပြောကြားနေခြင်းမြင်ကွင်းပုံ (၄-၂)



**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၁။**

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး ဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်၊ ပေါက်တောမြို့ကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနရဲ့ ၁၉၇၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ၁၀၃/၃၀/စိတ် (၁)ဖြင့် မြို့အဖြစ် သတ်မှတ်ပေးခဲ့ပါတယ်။ ပေါက်တောမြို့ရဲ့ လက်ရှိအသုံးပြုလျက်ရှိတဲ့ မြေဧရိယာမှာ (၄၂၀.၄၁)ဧကရှိပါတယ်။ ပေါက်တောမြို့ကို မြို့မြေဧရိယာနယ်နိမိတ်အဖြစ် သတ်မှတ်တိုင်းတာပေးနိုင်ရေးအတွက်ကိုလိုအပ်တယ်၊ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)နှင့် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)များကို ခန့်အပ်နိုင်ဖို့အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ၂၀၁၇ ခုနှစ်၊ မေလ ၁၈ ရက်နေ့မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ တင်ပြ ခွင့်ပြုချက် တောင်းခံထားကြောင်း သိရှိရပါတယ်။

သို့ပါ၍ ပေါက်တောမြို့ကို မြို့မြေဧရိယာနယ်နိမိတ်အဖြစ် တိုင်းတာသတ်မှတ်နိုင်ရေးအတွက် (Boundary Officer)နှင့် (Demarcation Officer)များ ခန့်အပ်ပြီးပါက မြို့မြေတိုင်းတာခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်(ခ)ဦးလှမြင့်သန်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ မှာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းမှာရှိတဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်

ရန်၊ ဖွဲ့စည်းရန် သို့မဟုတ် အမည်ပြောင်းလဲရန် ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ သထုံခရိုင်၊ ကျိုက်ထိုမြို့နယ်အတွင်းမှာရှိတဲ့ သိမ်ဇရပ်ကျေးရွာအုပ်စုဟာ သိမ်ဇရပ်ကျေးရွာ၊ ဆိပ်ကမ်းသာကျေးရွာနဲ့ ဝါးဒတ်ကွင်းကျေးရွာတို့ဖြင့် ဖွဲ့စည်းထားရှိပြီး အိမ်ခြေ (၄၅၂၈)လုံး၊ အိမ်ထောင်စု(၅၀၀၅)စု၊ လူဦးရေ(၂၁၄၃၇)ဦး နေထိုင်လျက် ရှိပါတယ်။ ကျေးရွာရဲ့ မြေအနေအထားအရ တစ်ဆက်တစ်စပ်တည်းဖြစ်သော ကျောက္ကလပ်ကျေးရွာအုပ်စုကို ကျောက္ကလပ်ကျေးရွာ၊ လူလေကျေးရွာနဲ့ သုံးအိမ်စုကျေးရွာတို့ဖြင့်လည်း ဖွဲ့စည်းထားရှိပြီး အိမ်ခြေ(၆၀၁)လုံး၊ အိမ်ထောင်စု(၆၄၀)ကို လူဦးရေ(၃၁၄၀)ဦးတို့ နေထိုင်လျက်ရှိပါတယ်။ သိမ်ဇရပ်ကျေးရွာအုပ်စုနှင့် ကျောက္ကလပ်ကျေးရွာအုပ်စုဟာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် တပ်ရင်း၊ တပ်ဖွဲ့၊ ရဲစခန်းများ တည်ရှိခြင်း၊ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးရှိခြင်း၊ ပညာရေးကဏ္ဍမှာ အထက်တန်းကျောင်းအဆင့်ထိ ဖွင့်လှစ်သင်ကြားနိုင်ခြင်း၊ (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံရှိခြင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ကဏ္ဍတွေမှာလည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် သိမ်ဇရပ်ကျေးရွာအုပ်စုရှိ သိမ်ဇရပ်ကျေးရွာနဲ့ ဆိပ်ကမ်းသာကျေးရွာအပါအဝင် တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ ကျောက္ကလပ်ကျေးရွာအုပ်စုရှိ ကျောက္ကလပ်ကျေးရွာ၊ လူလေကျေးရွာ၊ သုံးအိမ်စုကျေးရွာတို့ကို ပေါင်းပြီး သိမ်ဇရပ်မြို့အဖြစ် သတ်မှတ်နိုင်ရေးအတွက် မြို့အင်္ဂါရပ်(၂၁)ချက်နဲ့ စိစစ်ခဲ့တဲ့အခါမှာ အင်္ဂါရပ်အားလုံး ကိုက်ညီမှုရှိကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

သို့ပါ၍ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်ကျေးရွာအုပ်စုရှိ သိမ်ဇရပ်ကျေးရွာနှင့် ဆိပ်ကမ်းသာကျေးရွာ အပါအဝင် တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ ကျောက္ကလပ်ကျေးရွာအုပ်စုကို ကျောက္ကလပ်ကျေးရွာ၊ လူလေကျေးရွာ၊ သုံးအိမ်စုကျေးရွာတို့ကို ပေါင်းပြီး သိမ်ဇရပ်မြို့အဖြစ် သတ်မှတ်ဖွဲ့စည်းနိုင်ရေးအတွက် ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ကစပြီး မြေကြီးမြေပုံတိုင်းတာရေး အသေးစိတ်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ယခုအခါမှာ (၇၅)ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ မြေကြီးမြေပုံတိုင်းတာရေးလုပ်ငန်းများ ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၅၄ နဲ့အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖေချစ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ဖြေကြားသွားပါမယ်။

စားကျက်မြေများ ပြင်ဆင်သတ်မှတ်ခြင်းနှင့် ပတ်သက်ပြီး အများပြည်သူအကျိုးအတွက် နိုင်ငံတော်ကလိုအပ်လျှင်သော်လည်းကောင်း၊ ကျွဲ၊ နွားစားကျက်အဖြစ် အသုံးပြုမှုနည်းပါးလျှင်သော်

လည်းကောင်း စားကျက်မြေအဖြစ် နုတ်ပယ်ရန်၊ ပယ်ဖျက်ရန်လိုအပ်ပါက မြန်မာနိုင်ငံတော် မြေနှင့် အခွန်တော်အမိန့်ဆင့်ဆိုချက်များ အပိုဒ် ၁၀၆၊ ၁၀၇ တို့အရ ဆောင်ရွက်နိုင်ကြောင်း တင်ပြအပ်ပါတယ်။

ထိုသို့ပယ်ဖျက်နိုင်ရန်အတွက် စားကျက်မြေအဖြစ်မှ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းကိစ္စများကို တည်ဆဲဥပဒေများအရ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများမှ ဆောင်ရွက်နိုင်ခွင့်ရှိသော်လည်း စားကျက်မြေပေါ်တွင် အမှီသဟဲပြုနေသော ပတ်ဝန်းကျင်ကျေးရွာများမှ ကျွဲ၊ နွားများအတွက် ကျန်ရှိနေသော စားကျက်မြေများ လုံလောက်ခြင်း ရှိ/မရှိ သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ သဘောထားထောက်ခံချက် တိရစ္ဆာန်ပိုင်ရှင်များနဲ့ ဒေသခံပြည်သူများရဲ့ သဘောတူညီချက်၊ အမှန်တကယ်လိုအပ်ခြင်း ရှိ/မရှိ စိစစ်ချက်များနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်အပေါ်တွင်သာ ပြည်ထဲရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူးများမှ စားကျက်မြေ နုတ်ပယ်ခြင်း၊ ပယ်ဖျက်ခြင်းများကို အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မှော်ဘီမြို့နယ်၊ ချောင်းဝကျေးရွာအုပ်စု၊ ကွင်းအမှတ်-၆၁၃၊ ကျွဲစားကျက်ကွင်းဟာ DO-NO(33)II/1913-14 အရ စားကျက်မြေအမျိုးအစားဖြစ်ပြီး မြေဧရိယာ(၂၇၁)ဧကခန့်ရှိပါတယ်။ အဆိုပါ စားကျက်မြေပေါ်မှာ ၁၉၈၂ ခုနှစ်ခန့်က မှော်ဘီမြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် မှော်ဘီမြို့နယ်၊ မှော်ဘီချောင်းဝကျေးရွာအုပ်စု၊ သိုက်ကုန်းကျေးရွာနဲ့ နှောကုန်းကျေးရွာများမှ အိမ်ထောင်စု (၁၅၈)စု၊ မိသားစု(၄၇၉)စုတို့မှ စတင်နေထိုင်ခဲ့ရာမှာ နေထိုင်ခွင့်ဆိုင်ရာ ခွင့်ပြုမိန့်မှတ်တမ်းများ မတွေ့ရှိရသော်လည်း နေထိုင်မှုကာလနှင့် လက်ရှိမြေပြင်အခြေအနေ တိုးတက်ဖြစ်ပေါ်နေမှုများအပေါ် မူတည်၍ စိစစ်သုံးသပ်ချက်များအရ ဆက်လက် နေထိုင်ခွင့်ရရှိနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ပါ၍ မှော်ဘီမြို့နယ် ချောင်းဝကျေးရွာအုပ်စု ကွင်းအမှတ်-၆၁၃၊ ကျွဲစားကျက်ကွင်းမှာရှိတဲ့ မြေဧရိယာ(၂၇၁)ဧကမှာ နေထိုင်လုပ်ကိုင်လျက်ရှိတဲ့ အိမ်ထောင်စုများအနေနဲ့ တရားဝင်ပိုင်ဆိုင်၍ ဆက်လက် နေထိုင်နိုင်ရန် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စားကျက်မြေ ပယ်ဖျက်ခွင့် ရရှိရေးအတွက် မှော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့ ရက်စွဲပါစာဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်(၅)ဦးပါဝင်တဲ့ ကော်မတီကိုဖွဲ့စည်းပြီး မြေတိုင်းတာခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ ဦးစီးဌာနမှ လိုအပ်သောအချက်အလက်များ စုစည်း၍ အမှုတွဲ အမြန်ပြီးပြတ်နိုင်ရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စတင်အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပေါင်းစပ် ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြား တင်ပြပါမယ်။

တောရိုင်းတိရစ္ဆာန်များ ဘေးမဲ့တောထားခြင်းဟာ မြန်မာနိုင်ငံမှာ မျိုးတုံးပျောက်ကွယ်တော့မယ့် ကျားများကို အချိန်မီ ထိန်းသိမ်းကာကွယ်ခြင်း၊ ကျားတို့၏အစာဖြစ်တဲ့ သားကောင်များကို လူတို့မှ သတ်ဖြတ်ခြင်းမှ ကာကွယ်ခြင်း၊ ချင်းတွင်းမြစ်ဖျားခံရာ ရေဝေရေလဲဒေသရဲ့ သဘာဝပတ်ဝန်းကျင်နှင့် ဘူမိရုပ်သွင်တို့ကို ထိန်းသိမ်းကာကွယ်ခြင်း၊ မျိုးစိတ်သုတေသနလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊ သဘာဝအခြေခံ နိုင်ငံတော်နှင့် ဒေသခံတို့၏ ရေရှည်အကျိုးစီးပွားကို အထောက်အကူပြုခြင်းတို့အပြင် သဘာဝနယ်မြေအတွင်း ဂေဟဗေဒဆိုင်ရာ ပြန်လည်တည်ဆောက်ရေးစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်မှန်းချက်ထား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်ထိန်းသိမ်းနိုင်ရန်အလို့ငှာ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံတကာမှ ပညာရှင်များ NGO, INGO များနဲ့ ဒေသခံပြည်သူများပါဝင်တဲ့ Myanmar Elephant Conservation Action Plan(MECAP) အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ နေပြည်တော်မှာ ပြုလုပ်ခဲ့ပါတယ်။ ထိုသို့ဆောင်ရွက်မှုကို WCS (Wildlife Conservation Society)တို့နဲ့လည်း ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ အလုပ်ရုံဆွေးနွေးပွဲရလဒ်များအရ မြန်မာ့တောဆင်ရိုင်းများ ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက်ကိုလည်း အပြီးသတ် လုပ်ငန်းစီမံချက်ရေးဆွဲနိုင်ရေး နိုင်ငံတကာအဖွဲ့အစည်းများရဲ့ အကူအညီများနဲ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ကချင်ပြည်နယ်၊ ဟူးကောင်းချိုင့်ဝှမ်းမှာ နယ်မြေသဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရန်အလို့ငှာ တနိုင်းမြို့နယ်အတွင်းမှာရှိတဲ့ မြေဧရိယာ(၁.၅၇၄)သန်းရှိတဲ့နယ်မြေကို ဟူးကောင်းချိုင့်ဝှမ်း၊ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် ၂၀၀၄ ခုနှစ်၊ ဇွန်လ ၃ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၄/၂၀၀၄)နဲ့ စတင်ဖွဲ့စည်း သတ်မှတ်ခဲ့ပါတယ်။

ထိုသို့ဖွဲ့စည်းခဲ့စဉ်က တနိုင်းမြို့နယ် ရပ်ကွက်(၅)ခုနဲ့ ပတ်ဝန်းကျင်ကျေးရွာ(၁၃)ရွာတို့မှ ဒေသခံများ ထိခိုက်နစ်နာမှုမရှိစေရန် ရပ်ကွက်ကျေးရွာများအတွက် ရွာမြေ(၃၀၅၆)ဧက၊ လယ်ယာဥယျာဉ်(၇၁၈၅.၅)ဧကနဲ့ အများပိုင်မြေ(၁၀၁၃၈.၅)ဧက၊ စုစုပေါင်းမြေဧရိယာ(၂၀၃၈၀)ဧကတို့ကို ဒေသခံများအတွက် ခွင့်ပြုပေးခဲ့ပြီး ထပ်မံတိုးချဲ့ခွင့်မပြုဘဲ ဆက်လက်နေထိုင်ခွင့်ပြုကြောင်းလည်းသိရှိရပါတယ်။ ဒါ့အပြင် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရန်အလို့ငှာ မြေဧရိယာ(၂.၇၁၈)သန်းဧရိယာရှိတဲ့နယ်မြေကို ဟူးကောင်းချိုင့်ဝှမ်း တိုးချဲ့တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ် ၂၀၁၀ ခုနှစ်၊ မေလ ၂၇ ရက်နေ့၊ အမိန့်ကြော်ငြာစာအမှတ်(၇၁/၂၀၁၀)နဲ့လည်း ထပ်မံဖွဲ့စည်းထားရှိခဲ့ပါတယ်။

ထိုသို့ဖွဲ့စည်းရာမှာ တနိုင်းမြို့နယ်ရဲ့ မြေဧရိယာ (၅၃၁၈၄၀)ဧက၊ ပါဝင်ခဲ့ပါတယ်။ ထိုသို့ဘေးမဲ့တော ထပ်မံဖွဲ့စည်းခဲ့စဉ်ကပင် တနိုင်းမြို့ပေါ်ရပ်ကွက်များ၊ တိန်ကောက်ကျေးရွာအုပ်စု၊ ကောင်းရာကျေးရွာအုပ်စု၊ မကော(လမုန်)ကျေးရွာအုပ်စု၊ ရှိန်လုံးဂါးကျေးရွာအုပ်စုတွေမှာ နေထိုင်တဲ့ဒေသခံများအတွက် လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေ၊ ရွာမြေ၊ အများပိုင်မြေများအဖြစ် စုစုပေါင်းမြေဧရိယာဧက(၆၈၄၉၈.၉)ဧကကိုလည်း ဆက်လက်နေထိုင် လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း သိရှိခဲ့ရပါတယ်။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်အတွင်း မြေအမျိုးအစားအလိုက် မြေအသုံးချမှုကို စိစစ်တဲ့အခါမှာ

အသားတင် စိုက်ပျိုးမြေဧရိယာ(၃၅၃၁၀)ဧက၊ လှပ်ထားမြေဧရိယာ(၆၈၅၁)ဧက၊ စိုက်ပျိုးခြင်းမပြုနိုင်သောမြေဧရိယာ(၂၆၇၇၉)ဧက၊ တောရိုင်းမြေဧရိယာ(၂၁၈၂၂၂)ဧက၊ မြေရိုင်းဧရိယာ(၆၆၁၂၆၈)ဧက၊ ဟူးကောင်းဘေးမဲ့တောဧရိယာ(၂.၁၀၆)သန်းဧက၊ စုစုပေါင်းမြေဧရိယာ (၃၀၅၄၆၇၀)ဧက တို့ဖြစ်ပါတယ်။ စားကျက်မြေ သီးခြားသတ်မှတ်ထားခြင်း မရှိကြောင်းတော့ တွေ့ရှိရပါတယ်။

ယခုအခါ တနိုင်းမြို့နယ်အတွင်းမှာ ဆင်(၁၄၅)ကောင်၊ ကျွဲ(၁၉၂၈)ကောင်နဲ့ နွား(၁၉၀၉) ကောင် မွေးမြူထားကြောင်းလည်း သိရှိရပါတယ်။ မွေးမြူထားတဲ့တိရစ္ဆာန်များအတွက်ကိုတော့ ဓလေ့ထုံးတမ်းအစဉ်အလာအရ လွှတ်ကျောင်းစနစ်ဖြင့် ထိန်းကျောင်းလျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ထိုသို့လွှတ်ကျောင်းစနစ်အတွက်လည်း မြေဧရိယာလုံလောက်မှုရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ပါ၍ စားကျက်မြေအဖြစ် သတ်မှတ်ပေးစေလိုတဲ့ တနိုင်းမြို့ လီဒိုလမ်းကြီးအထက်ပိုင်း၊ တဘိချောင်း၊ လမုန်ချောင်းအထက် ပြင်ရာချောင်းအထက်ပိုင်းနေရာတွေဟာ သဘာဝနယ်မြေအဖြစ် သတ်မှတ်ထားတဲ့ ဟူးကောင်းချိုင့်ဝှမ်း၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဧရိယာရဲ့ ပင်မဧရိယာ (Core Zone)အတွင်းမှာ ကျရောက်တာဖြစ်တဲ့အတွက် ခွင့်ပြုပေးနိုင်ခြင်းမရှိပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေကြားသွားပါမယ်။

ကျောက်ဖြူမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ပျံကျဈေးခုံတွေကို ဆောက်လုပ်ခဲ့ခြင်းမှာ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ အသုံးပြုခဲ့ခြင်းမရှိကြောင်းနဲ့ ဈေးသန့်ရှင်းမှုနှင့် စနစ်တကျ ရောင်းဝယ်မှုတို့ကို အထောက်အကူဖြစ်စေရေးအတွက် ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အမှုဆောင်အရာရှိ အဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဦးလှဖော်ဇံ နဲ့ ညှိနှိုင်းပြီး ဈေးကော်မတီဥက္ကဋ္ဌ ဦးတင်မောင်ဦး တို့မှ ငွေ ခေတ္တစိုက်ထုတ်ပြီး (၄ x ၄ x ၃)ပေရှိတဲ့ အောက်ခံအုတ်ရိုးခင်း သံပတ်ဂလန်၊ သံပြားခင်း ပျံကျဈေးခုံ (၃၂၁)ခုံ၊ ဆောက်လုပ်ခဲ့ကြောင်း သိရှိရပါတယ်။

ယင်းအဆောက်အဦ ကုန်ကျစရိတ်အဖြစ် တစ်ခုံလျှင်(၈၀၀၀၀)နှုန်း ပေးသွင်းစေခြင်းဖြင့် ဈေးသူ ဈေးသားများ၏သဘောထား ညှိနှိုင်းရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းလည်း စစ်ဆေးချက်များအရ သိရှိရပါတယ်။ သို့သော်လည်း ဆောင်ရွက်မည့်အစီအမံကို သက်ဆိုင်ရာပြည်နယ်သို့ တင်ပြမှု မရှိခြင်း၊ ပျံကျဈေးသည်များအား မူဝါဒနှင့် ကိုက်ညီမှုမရှိဘဲ နေရာချထားခဲ့မှုများပြုလုပ်ခဲ့ခြင်း၊ ဈေးသူ ဈေးသားများ၏ ဆန္ဒခံယူမှုကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့မှုမရှိခြင်းများ တွေ့ရှိရတဲ့အတွက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလအတွင်းမှာ ပြည်နယ်အစိုးရရဲ့ လမ်းညွှန်ချက်အရ ပြည်နယ်စည်ပင်သာယာ ရေးအဖွဲ့ ညွှန်ကြားရေးမှူးမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပြီး အဖွဲ့ဝင်(၂)ဦးပါတဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့ ကို ဖွဲ့စည်းစစ်ဆေးခဲ့ကြောင်း သိရှိရပါတယ်။ စစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာတင်ပြချက်အပေါ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာနရဲ့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့

ရက်စွဲပါ စာအမှတ်၊ ၀၄၉/၁၀၅/၄-၃(စည်ပင်)/အဖရ(ရခိုင်) ဖြင့် ညွှန်ကြားချက်အရ ငင်းပျံကျဈေးခုံများ ဆောက်လုပ်ခဲ့စဉ်ကစ၍ (၃)နှစ်ကာလဖြစ်တဲ့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်နောက်ပိုင်းတွင် ပျံကျဈေးသည်များအား ပြန်လည်နေရာချထားပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ယခုပျံကျဈေးခုံ ရယူထားသူများကိုလည်း ဝန်ခံကတိပြုလက်မှတ်များ ရေးထိုးပြီးဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်အရ သိရှိရပါတယ်။

ဆက်လက်ပြီး ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့နယ်မှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင်ကင်းကူးတို့လုပ်ငန်း၊ အုန်းချောင်းကူးတို့လုပ်ငန်းတစ်ခု ရှိပါတယ်။ ကူးတို့လုပ်ငန်း လုပ်ကိုင်နေသူများအနေနဲ့ ကူးတို့လုပ်ငန်းလိုင်စင် စည်းကမ်းချက်များနဲ့အညီ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားထားပြီး စည်းကမ်းဖောက်ဖျက်ပါက သတိပေး ဆောင်ရွက်သွားမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက လိုင်စင်ရုပ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း သိရှိရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အုန်းချောင်းကူးတို့ကို လိုင်စင်ကိုမူလရရှိသူက ခရီးသည်တစ်ဦးလျှင် ငွေကျပ်(၂၀၀)နှုန်း သတ်မှတ်ထားသော်လည်း (၃၀၀)နှုန်း တိုးမြှင့်ကောက်ခံနေသည်ဟု တင်ပြခြင်းအပေါ် ကွင်းဆင်းစစ်ဆေးပြီး အလားတူ ထပ်မံမဖြစ်ပေါ်စေရေး ခေါ်ယူသတိပေး ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် အဆိုပါ အုန်းချောင်းကူးတို့ကို လေလံလိုင်စင် ချခဲ့ရာမှာလည်း မူလရရှိထားသူမှ ရရှိခြင်းမရှိဘဲ အသစ် ပြန်လည် ချမှတ်ပေးထားခြင်းဖြစ်ကြောင်းလည်း သိရှိရပါတယ်။

လက်ရှိလေလံရရှိသူအနေဖြင့် စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရေးအတွက် ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုနိုင် မေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စား ပြန်လည်ဖြေကြားသွားပါမယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန လက်အောက်မှာရှိတဲ့ အကျဉ်းထောင်နဲ့ အကျဉ်းစခန်းတွေမှာ ထိန်းသိမ်းထားရှိတဲ့ အကျဉ်းသူ၊ အကျဉ်းသား၊ အချုပ်သူ၊ အချုပ်သားတွေဟာလည်း တိုင်းရင်းသားပြည်သူများဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီး ဆွေးနွေးတင်ပြသလိုပဲ ပြည်သူတစ်ဦးကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း အလေးထား ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။ အကျဉ်းဦးစီးဌာနမှာ အရာထမ်း(၃၅၀)ဦး၊ အမှုထမ်း(၁၀၁၈၉)ဦး၊ စုစုပေါင်း(၁၀၅၃၉)ဦးကို ဖွဲ့စည်းပုံခွင့်ပြုထားပြီး ယင်းဖွဲ့စည်းပုံမှာ ကျန်းမာရေးဝန်ထမ်း(၇၄၃)ဦး ဖွဲ့စည်းထားရှိပါတယ်။ သို့သော်လည်း လက်ရှိမှာ (၂၃၆)ဦးပဲ ခန့်ထားနိုင်တဲ့အတွက် ကျန်းမာရေးဝန်ထမ်းရဲ့ဖွဲ့စည်းပုံမှာ (၃၂)ရာခိုင်နှုန်းဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိပါတယ်။

အကျဉ်းဦးစီးဌာနမှာရှိတဲ့ အကျဉ်းသူ၊ အကျဉ်းသား၊ အချုပ်သူ၊ အချုပ်သားများရဲ့ ကျန်းမာရေးစောင့်ရှောက်ခွင့် တာဝန်ထမ်းဆောင်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတ်မှတ်ထား

တဲ့ အရည်အချင်းနဲ့ပြည့်စုံသူ ဝန်ထမ်းကိုသာလျှင် တာဝန်ထမ်းဆောင်ခွင့်ပြုရတဲ့အတွက် ကျန်းမာရေး ဝန်ထမ်းများ ဖြည့်တင်းနိုင်ရေးအတွက်ကိုလည်း ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို စဉ်ဆက်မပြတ် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုသို့ ညှိနှိုင်းချက်များ အရ အကျဉ်းထောင်၊ အကျဉ်းစခန်းများမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာရှိတဲ့ ကုသရေးဦးစီးဌာနနဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ ပြည်သူ့ ဝန်ထမ်းများ သန္ဓေကျန်းမာရေးဝန်ထမ်းများကိုသာ အလှည့်ကျ တာဝန်ချထားခြင်း၊ လိုအပ်ပါက ဆေးရုံတင်စေပြီး အထူးကုဆရာဝန်များမှ စောင့်ရှောက်မှု လိုအပ်ပါကလည်း အထူးကုဆရာဝန်ရှိတဲ့ မြို့နယ်ဆေးရုံများမှာ လိုအပ်သောကုသမှုများကို အခြားလူနာများနှင့် ကွာခြားမှုမရှိစေဘဲ တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ပေါင်းစပ်ဖြေကြားချက် အရ တင်ပြအပ်ပါတယ်။

ဗဟိုအဆင့်အကျဉ်းထောင်များမှာရှိတဲ့ အကျဉ်းသားများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန်များ တာဝန်ချထားခြင်းအပြင် အင်းစိန်အထွေထွေရောဂါ ကုဆေးရုံကြီး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး(ရန်ကုန်)၊ မန္တလေး ပြည်သူ့ဆေးရုံကြီး၊ သာယာဝတီပြည်သူ့ဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများဟာ လိုအပ်သည့် အချိန်တိုင်း ကြိုတင်ချိန်းဆိုထားတဲ့ အစီအစဉ်အတိုင်း ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ခုခံအားကျ ကာလသားရောဂါတိုက်ဖျက်ရေးအဖွဲ့မှလည်း အကျဉ်းသားများ အတွက် ကျန်းမာရေးစောင့်ရှောက်မှု ရွေ့လျားဆေးခန်း (Mobile Team)များအဖြစ် ကုသဆောင်ရွက် ပေးလျက်ရှိပါတယ်။ ယခင်က ကုသရေးဦးစီးဌာနမှ တာဝန်ချပြီး လက်ထောက်ဆရာဝန်များ ခန့်ခဲ့ဖူး သော်လည်းပဲ ယခုအခါ မိခင်ဌာနမှာပင် လက်ထောက်ဆရာဝန် နည်းပါးပြီး လုံလောက်မှုမရှိခြင်းများ ဖြစ်ပေါ်နေတဲ့အတွက် အကျဉ်းထောင်အများစုကို အကျဉ်းထောင်တည်ရှိရာမြို့တွေမှာရှိတဲ့ ပြည်သူ့ ဆေးရုံများမှ လက်ထောက်ဆရာဝန်များကို အလှည့်ကျ တာဝန်ချထားခြင်းဖြင့်သာ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ကြောင်းကိုလည်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ပေါင်းစပ် ဖြေကြားချက်အရ သိရှိရပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနလက်အောက်မှာရှိတဲ့ အကျဉ်းထောင်များကို ထောင်ကျအကျဉ်းသားအဖြစ် စတင်ရောက်ရှိတဲ့နေ့ကစပြီး အကျဉ်းသား၊ အကျဉ်းသူများရဲ့ ကျန်းမာရေး အခြေအနေကို သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများမှ ထောင်အဝင် ကျန်းမာရေးစစ်ဆေးခြင်းပုံစံဖြင့် စစ်ဆေးမှတ်တမ်းတင် ထားရှိပါတယ်။ အကျဉ်းထောင်အတွင်း ကျန်းမာရေးချို့တဲ့ တဲ့ အကျဉ်းသူ၊ အကျဉ်းသားများ အကျဉ်းထောင်ဆေးရုံ၊ ဆေးပေးခန်းတွေမှာ ဆေးဝါးကုသစေပြီးတော့ သက်ဆိုင်ရာ အကျဉ်းထောင်ဆရာဝန် ကျန်းမာရေးမှူး၊ သူနာပြုများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကိုလည်း တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ပြင်ပအထူးကုဆရာဝန်ကြီးများကိုလည်း အကျဉ်းထောင်သို့ လစဉ်ဖိတ်ကြားပြီး အကျဉ်းသား၊ အကျဉ်းသူ များရဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပ ဆေးရုံများမှာလည်း ဆေးရုံတက်ရောက်ကုသမှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာဥက္ကဋ္ဌနဲ့ အဖွဲ့သည် ရမည်းသင်းအကျဉ်းထောင်နဲ့ လွိုင်ကော်အကျဉ်းထောင်များသို့ ဝင်ရောက်လေ့လာစဉ် အကြံပြု တိုက်တွန်းချက်များကို လတ်တလော လိုက်နာဆောင်ရွက်ရန် လုပ်ငန်းများနှင့် စီမံချက် ချမှတ်ဆောင်ရွက်မည့်လုပ်ငန်းများဟူ၍ အပိုင်းနှစ်ပိုင်းခွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အကျဉ်းသူ၊ အကျဉ်းသား၊ အချုပ်သူ၊ အချုပ်သားများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ဖို့အတွက် လိုအပ်တဲ့ကျန်းမာရေးဝန်ထမ်းများကို ထပ်မံဖြည့်တင်းပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ဆရာဝန်အင်အား လုံလောက်မှုမရှိတဲ့အတွက် အခြားဝန်ကြီးဌာနများသို့ ထပ်မံခန့်ထားပေးရန် အစီအစဉ် မရှိသေးတဲ့အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာနအနေနဲ့ကတော့ ကျန်းမာရေးအသိအမှတ်ပြု ဘွဲ့ရများထဲကနေ ဆန္ဒပြုသူများရှိပါက သီးသန့် ခန့်အပ်ပေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိကျန်းမာရေးဝန်ထမ်းများဖြင့် နေ့စဉ်ကြည့်ရှု ကုသမှုပေးခြင်း၊ လိုအပ်ပါက အကျဉ်းထောင်ဆေးရုံနှင့် ပြင်ပဆေးရုံများမှာ ကုသနိုင်ရေး စီမံဆောင်ရွက်လျက်ရှိခြင်း၊ ကုသရေးဦးစီးဌာနလက်အောက်ရှိ ဆေးရုံများမှ အထူးကုဆရာဝန်ကြီးများကို လစဉ် လာရောက်ကုသပေးနိုင်ရေးဆောင်ရွက်ခြင်း၊ ကျန်းမာရေးအထောက်အကူပြုသော သောက်သုံးရေ၊ အိမ်သာနှင့် အိပ်ဆောင် တိုးချဲ့ခြင်းလုပ်ငန်းများကိုလည်း နှစ်အလိုက်ဘဏ္ဍာငွေ ရရှိမှုအပေါ်မူတည်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ ဒုတိယဝန်ကြီးအား အထူးပဲကျေးဇူးတင်ပါတယ်ခင်ဗျား။ ဝန်ကြီး ဖြေကြားသွားခဲ့သလို ဒီပုံကျစျေးမှာ ဆိုင်ခန်းတွေရထားတဲ့ ဆိုင်ခန်းပိုင်ရှင်တွေကို (၃)နှစ်ပြည့်ရင် ဖယ်ပေးပါမယ်လို့ ခံဝန်ကတိလက်မှတ် ထိုးထားတယ်ဆိုတာ မဟုတ်ပါဘူးခင်ဗျား။ ဒီလက်မှတ်တွေဟာ အတုသာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမှန်တကယ်ဖြစ်ဖို့အတွက် မြို့နယ်စည်ပင်ကော်မတီ ရှိပါတယ်။ ဒီစည်ပင်ကော်မတီကို မေးလိုက်ရင် အဖြေပေါ်မှာပါ။ ဒီလိုမျိုး ကျွန်တော့်ကိုလည်းပဲ အလွယ်တကူ လှည့်ပတ်ပြီးရှောင်လွှဲပြီးဖြေခဲ့တာ-----

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်ပြောမယ်။ ခင်ဗျားလိုချင်တဲ့ပုံကို မေးခွန်းမေးပါ။ အခုဟာက မေးခွန်းမေးတဲ့ပုံ မပေါ်ဘူး။ အခုက ဆွေးနွေးတဲ့ပုံ ဖြစ်နေတယ်။ မေးခွန်းမေး။

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။သို့ဖြစ်ပါ၍ ဒီလက်မှတ်အတုများကို အမှန်တကယ် သိနိုင်အောင်အတွက် ပြန်လည်စိစစ်ပေးပါရန် တောင်းဆိုအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ရှိ/မရှိပေါ့။

**ဗိုလ်ချုပ်အောင်စိုး (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရက တင်ပြထားတဲ့ အထောက်အထားလေးနဲ့ ပြန်လည်ရှင်းလင်း ဖြေကြားပါမယ်။ ကျွန်တော်ဒီမေးခွန်းကို စတင်ဖြေကြားစဉ်က ဒီမေးခွန်းကို ကျွန်တော် ပြည်နယ်အစိုးရ၏ကိုယ်စား ဖြေကြားရခြင်းဖြစ်ပါတယ်။ သူတို့ပေးပို့ထားတဲ့

အပြေပေါ်မှာ ကျွန်တော်တို့ လိုအပ်တဲ့ ပြည့်စုံမှုရှိအောင် စိစစ်ပြီး ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်ဖြေထားတာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ ရခိုင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနအနေနဲ့က လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကိုယ်တိုင်တွေ့ဆုံပြီး ပြောကြားခဲ့မှုအပေါ် မူတည်ပြီးတော့မှ ဒီဇင်ဘာလအတွင်းမှာ စပြီးတော့ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဒီဖွဲ့စည်းဆောင်ရွက်ခဲ့တဲ့ စုံစမ်းစစ်ဆေးရေးအဖွဲ့၊ ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဥက္ကဋ္ဌက ဦးဆောင်တဲ့အဖွဲ့အနေနဲ့ကလည်း သူတို့ မြေပြင်စစ်ဆေးတွေ့ရှိချက်ကို ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှာ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို တရားဝင်စာနဲ့ ပြန်လည်တင်ပြခဲ့ပါတယ်။

အဲဒီမှာ သူ့ရဲ့စစ်ဆေးတွေ့ရှိချက်တွေနဲ့ အကြံပြုချက်၊ ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းစဉ်တွေကိုလည်း ပြည်နယ်ဝန်ကြီးကို ပူးတွဲတင်ပြထားတာတွေ့ရပါတယ်။ ဒီအပေါ်မှာပဲ စည်ပင်ဝန်ကြီးအနေနဲ့ကလည်း ကျွန်တော်တို့ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့ ရက်စွဲနဲ့ ကျွန်တော်တို့သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးတွဲတင်ပြထားပါတယ်။ ဒီ ပြည်နယ်အစိုးရအနေနဲ့ကလည်း သူ့ရဲ့ဖြေကြားချက်တွေနဲ့ ပတ်သက်ပြီးတော့လည်း စည်ပင်သာယာရေးဝန်ကြီးဌာနရဲ့ ပူးတွဲတင်ပြထားတဲ့ ဖော်ပြခဲ့တဲ့ ဒီပျံကျဈေးသမားများရဲ့ လက်မှတ်ရေးထိုးမှုကိုလည်း တရားဝင်ရုံးစာနဲ့ပေးပို့ထားခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရနဲ့ သက်ဆိုင်ရာဝန်ကြီးများက တာဝန်ယူပေးပို့ထားတဲ့ လက်မှတ်များအတွက်ကို သက်ဆိုင်ရာအစိုးရက တာဝန်ယူထားတဲ့ အချက်အလက်များဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်း လာရောက်ဖြေကြားတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်သုံးဦး အမည်စာရင်း ပေးသွင်းထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၄။**

**ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို ကိုယ်ကျန်းမာပြီး၊ စိတ်ချမ်းသာကြပါစေလို့ ဂါရဝပြုပြီး နှုတ်ဆက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်း အပေါ်မှာ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ပထမဦးဆုံး

ဆွေးနွေးချင်တဲ့ဟာကတော့ အဲဒီဥပဒေကြမ်းရဲ့ ပုဒ်မ ၁၆ ပါ။ အဲဒီတော့ ပြောရမယ်ဆိုရင် ဒီနေ့ ကျွန်တော်တို့ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးမှာ နေ့စဉ် လူတွေ ကြိတ်ကြိတ်တိုးပြီးတော့ စာချုပ်စာတမ်းတွေ မှတ်ပုံတင်နေကြပါတယ်။ ဒါဟာဖြင့် ကျွန်တော်တို့ရဲ့ ပိုင်ဆိုင်မှုတွေကို ဥပဒေနဲ့ အညီ ခိုင်မာအောင်၊ ဒါမှ ကျွန်တော်တို့ ပြည်သူတွေ တည်ငြိမ်အေးချမ်းပြီးတော့ စိတ်ချမ်းသာ၊ ကိုယ် ကျန်းမာနဲ့ လုံလုံခြုံခြုံ ပိုင်ဆိုင်မှုတွေ ရကြမှာဖြစ်ပါတယ်။ ဒီ့အပြင် တိုင်းပြည်အတွက်လည်း အခွန် ဝင်ငွေတွေ ရမှာဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီစာချုပ်စာတမ်းလုပ်ငန်းဟာဖြင့် တိုင်းပြည်အတွက် အင်မတန်အရေးကြီး တဲ့ လုပ်ငန်းဖြစ်တယ်ဆိုတာကို ပဏာမ ပြောကြားလိုပါတယ်။ ဒီဥပဒေဟာ အရင်တုန်းက အင်္ဂလိပ်လို ဒီနေ့အထိ ကျွန်တော်တို့ ကျင့်သုံးနေတဲ့ဥပဒေ ဖြစ်ပါတယ်။ အင်္ဂလိပ်လိုပဲ ပြဋ္ဌာန်းထားတဲ့အပေါ်မှာ ဗမာလို အတုံးလိုက် အတစ်လိုက် ဘာသာပြန်ပြီးတော့ ကျွန်တော်တို့ ဘာသာပြန်ပြီး စာအုပ်တွေ ထုတ်ထားသလို အခု ဒီဥပဒေကြမ်းဟာလည်း အဲဒီအပေါ်မှာ တစ်ခါထပ်ဆင့်ပြီးတော့ ဒီအတိုင်းပဲ ရေးသားထားတာ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ပထမဦးဆုံး ပြောချင်တဲ့အချက်ကတော့ ပုဒ်မ ၁၆ မှာပါတဲ့ ဒီတန်ဖိုးငွေကျပ် တစ်သိန်းအထက်ရှိတဲ့ မရွှေ့ပြောင်းနိုင်တဲ့ပစ္စည်းတွေနဲ့ စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ ကြေညာခြင်း၊ လွှဲအပ်ခြင်း၊ ကန့်သတ်ခြင်း၊ ဖျက်သိမ်းခြင်း ဆိုတဲ့နေရာမှာ တကယ်တမ်း ကျွန်တော်တို့ နေ့စဉ်နဲ့အမျှ စာချုပ်စာတမ်းရုံးမှာလုပ်နေတဲ့ စာချုပ်တွေထဲမှာ အသုံးတော်တော်များတဲ့ စာချုပ်တွေ ရှိပါတယ်။ ဗမာအသုံးအနေနဲ့ ကျွန်တော်တို့ စွန့်လွှတ်စာချုပ် ချုပ်တယ်ဆိုတာရှိပေမယ့် ဒီအထဲမှာ အဲဒါ မပါ ပါဘူး။

ဘာဖြစ်လို့လဲဆိုတော့ အရင်ဥပဒေမှာ ဒီ Extinguish လို့ ဖော်ပြထားတဲ့ဟာကို အရင်တုန်းက အတုံးလိုက်အတစ်လိုက် ဖျက်သိမ်းတယ်ဆိုပြီးတော့ ဘာသာပြန်ထားသလို ဒါပေမဲ့ အဲဒီထဲမှာ ကျွန်တော်တို့ စွန့်လွှတ်တာလည်း အကျုံးဝင်တဲ့ သဘောမျိုးနဲ့ ကျင့်သုံးခဲ့တာ ဖြစ်ပါတယ်။ သို့သော် အခုဥပဒေအသစ်ဖော်ပြတဲ့ ရေးဆွဲတဲ့အခါမှာ လက်ရှိကို လက်တွေ့သုံးနေတဲ့ စွန့်လွှတ်စာချုပ် ဆိုတဲ့ စွန့်လွှတ်တယ်ဆိုတဲ့ ဟာကိုကျတော့ ဖြည့်စွက်ထားခြင်းမရှိပါဘူး။ ဒီအတိုင်းပဲ လှူဒါန်းတယ် ဆိုတာ ပေးကမ်းတာထက် မတူတဲ့အချက်ရှိပါတယ်။ ကျွန်တော်တို့ ဒါကြောင့်မို့လို့ လှူဒါန်းတယ် ဆိုတဲ့ အချက်လည်း ကျွန်တော်တို့ ပုဒ်မ ၁၆ မှာထည့်သွင်းဖို့ လိုပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ အရင် ဥပဒေမှာ အနာဂတ်ကာလ၊ ပစ္စုပ္ပန်ကာလရဲ့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းတွေအပေါ်မှာ ကျွန်တော်တို့ အကျိုးစီးပွားတွေအပေါ်မှာ ချုပ်ဆိုတဲ့ဟာပါပေမယ့် အခုကျတော့ အဲဒီ အနာဂတ်တွေ၊ ပစ္စုပ္ပန်တွေကို ဖြုတ်ပစ်လိုက်ပါတယ်။

ဖြုတ်ပစ်လိုက်တဲ့အတွက် ဘာသွားပြီးပြဿနာတက်လဲဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာ တွေဟာ တခြားဘာသာဝင်တွေလို သေတမ်းစာရေးခွင့်မရှိပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က မိဘတွေကွယ်လွန်တဲ့အခါ တည်တည်ငြိမ်ငြိမ်နဲ့ မိသားစုကို ဖြစ်နိုင်အောင်ဆိုပြီးတော့ ကျွန်တော်တို့ မိသားစု စီမံမှုစာချုပ်တွေ၊ ချုပ်ကြပါတယ်။ အဲဒီဟာတွေကလည်း ပဋိညာဉ်ဥပဒေအရ အရင်တုန်းက မှတ်ပုံတင်ခွင့် ရှိပါတယ်။ အခု ဒါ မပါ ပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အချိန်အပေါ်မှာ မူတည် ပြီးတော့ လိုရင်းတိုရှင်း ပြောရမယ်ဆိုရင် ကုန်အမှတ်တံဆိပ် မှတ်ပုံတင်တဲ့ဟာတွေလည်း ကျွန်တော်တို့

ထည့်သွင်းပေးဖို့လိုမှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီမှာရေးထားတဲ့ ကျွန်တော်တို့ အရေးအသားဟာ အများကြီးပြင်စရာ ရှိနေပါတယ်။ နောက်တစ်ခါ ငှားရမ်းတဲ့ကိစ္စ၊ မှတ်ပုံတင်တဲ့ကိစ္စမှာလည်း တစ်နှစ်အတွက် တစ်နှစ်ငှားရမ်းတာဆို မှတ်ပုံတင်ဖို့ လို/မလို ရှင်းလင်းဖော်ပြထားခြင်းမရှိသလို မှတ်ပုံတင်ရုံးကို တင်ပြလာတဲ့ ဗမာဘာသာနဲ့ မဟုတ်တဲ့ စာချုပ်တွေ ဆိုတဲ့နေရာမှာ အရင်တုန်းက အခြားဘာသာလို့ ဘာသာပေါင်းစုံကို လက်ခံပေမယ့် အခု အင်္ဂလိပ်ဘာသာ တစ်ခုကိုပဲ ကျွန်တော်တို့ အဲဒီလိုရေးထားတာကို ဗမာလို ဘာသာပြန်ပြီး တင်ပြနိုင်တယ်လို့ ဖော်ပြထားပါတယ်။

ဒါကြောင့်မို့လို့ အရင်အတိုင်းပဲ မှတ်ပုံတင်အရာရှိ နားမလည်တဲ့ ဘယ်ဘာသာစကားနဲ့မဆိုရေးသားလာတဲ့ စာချုပ်တွေကိုလည်း မှတ်ပုံတင်ခွင့်ရအောင် ပြင်ဆင်ပေးဖို့ လိုပါတယ်။ ဒီအတိုင်းပဲ ကျွန်တော်တို့ အရေးကြီးတဲ့ အချက်တစ်ခုက ပုဒ်မ ၃၃(ခ)မှာ မှတ်ပုံတင်သွင်းလာသော စာချုပ်စာတမ်းများအရ လွှဲပြောင်းတဲ့ပစ္စည်းရဲ့ ပိုင်ဆိုင်မှုကို စစ်ဆေးမေးမြန်းခြင်း မပြုရဆိုတာ ဒါဟာ အမှုတွေပွားအောင်လုပ်တာနဲ့ အတူတူပါပဲ။ ပုဒ်မ ၈၁ မှာကျတော့ ဒီ စာချုပ်စာတမ်းရုံးက ချုပ်ပေးလိုက်တဲ့စာချုပ်က ဥပဒေအရ ခိုင်မာမှုရှိတယ်လို့ ဖော်ပြထားပြီးတော့ ခိုင်မာမှုရှိစေချင်ရင် ပိုင်ဆိုင်မှု မစစ်ဆေးလို့မရပါဘူး။ မပိုင်ဘဲနဲ့ လာလွှဲတဲ့ စာချုပ်တွေကို မှတ်ပုံတင်ပေးခြင်းအားဖြင့် ကျွန်တော်တို့ တကယ့်မူလ မူရင်းပိုင်ရှင်တွေက သည်းခံမှာ မဟုတ်ပါဘူး။ အဲဒီကျရင် ပြဿနာအမှုအခင်းတွေ အများကြီးဖြစ်လာမှာ ဖြစ်ပါတယ်။ အဲဒါလည်း ပြင်ဖို့လိုပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီစာချုပ်စာတမ်းလုပ်ငန်းတွေမှာ ပြစ်မှုကြောင်းကိုအားပေးကူညီတဲ့ လူတွေကိုပဲ အရေးယူဖို့ ဖော်ပြထားပါတယ်။ ပူးပေါင်းကြံစည်တဲ့လူတွေ လွတ်နေပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဒီ ဝန်ထမ်းတွေပေါ့၊ မှတ်ပုံတင်အရာရှိတွေကနေပြီးတော့ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ မရိုးမသားဆောင်ရွက်တဲ့ကိစ္စတွေ အရေးယူဖို့လည်း ရေးထားတဲ့ဟာ မရှင်းလင်းတဲ့အတွက် ရှင်းရှင်းလင်းလင်း ဖော်ပြဖို့ လိုပါတယ်။

နောက်ဆုံး တင်ပြလိုတာကတော့ ကျွန်တော်တို့ စာချုပ်စာတမ်း မမှန်မကန်လုပ်လာတဲ့လူတွေကို ကန့်ကွက်တဲ့ ရက်(၆၀)အတွင်းမှာ တရားရုံးဝရမ်းမပါရင် တစ်ခုတည်းပဲ ရပ်ဆိုင်းပေးမယ်ဆိုတာ ဝရမ်းနဲ့မှ ရပ်ဆိုင်းပေးမယ်ဆိုတာ မှားပါတယ်။ ဝရမ်းမပါဘဲနဲ့လည်း တခြားခိုင်လုံတဲ့အထောက်အထား တင်ပြနိုင်ရင် ဒီ မမှန်မကန်လုပ်နေတဲ့ စာချုပ်တွေကို ရပ်ဆိုင်းပေးဖို့ လိုပါတယ်။ ကျွန်တော် ဒါတွေပြင်ဖို့အတွက် အကြံပြုဆွေးနွေးပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၀။**

**ဒေါ်နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မဆွေးနွေးမှာကတော့ စာချုပ်

စာတမ်း မှတ်ပုံတင် ဥပဒေကြမ်းရဲ့ အခန်း(၁၅)၊ ပုဒ်မ ၇၂၊ ၇၃ နဲ့ အခန်း(၁၆)၊ ပုဒ်မ ၇၄၊ ၇၅ နဲ့ ပတ်သက်ပြီး မူသဘောအရ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပြုဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ အဲဒီ ပုဒ်မ(၄)ခုစလုံးကို အဆိုပြု ပြဌာန်းချက်အတိုင်းပဲ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်မရှိသလို ကျွန်မအနေနဲ့လည်း ပြင်ဆင် ချက်မရှိဘဲ မူသဘောကို ထောက်ခံဆွေးနွေးချင်ပါတယ်။ အဲဒီပုဒ်မ(၄)ခုစလုံးဟာ ဥပဒေကြမ်းရဲ့ အသက် သို့မဟုတ် အချုပ်နဲ့ တူပါတယ်။ ပုဒ်မ ၇၂ နဲ့ ၇၃ မှာ တားမြစ်ချက်နဲ့ ပြစ်ဒဏ်တွေကို ဖော်ပြ ထားပြီးတဲ့နောက် ပုဒ်မ ၇၄ နဲ့ ၇၅ မှာတော့ ပြစ်ဒဏ်ကို ရှင်းလင်းစွာ ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒါကြောင့် ဒီပုဒ်မတွေဟာ ဥပဒေကြမ်းတစ်ခုလုံးရဲ့ ခိုင်မာမှုနဲ့ လုံခြုံမှုကို ညွှန်းတာလို့ ဆိုချင်ပါတယ်။ စာချုပ်စာတမ်း မှတ်ပုံတင်တယ်ဆိုတာ စာချုပ်စာတမ်းကို တရားဝင်စေချင်လို့၊ ခိုင်မာစေချင်လို့ ဖြစ်ပါ တယ်။ ဒီ စာချုပ်စာတမ်း မှတ်ပုံတင်ဥပဒေကြမ်း ရေးဆွဲခြင်းရဲ့ ရည်ရွယ်ချက်မှာလည်း ပြည်သူများ အကြား လိမ်လည်မှုများကို ကာကွယ်ရန် လိုအပ်နေလို့ လို့ဖော်ပြခဲ့တဲ့အတိုင်းပဲ ပြည်သူတွေဟာ နှစ် ပေါင်းများစွာ စာချုပ်စာတမ်းတွေကို တရားဝင်မှတ်ပုံတင်ရကောင်းမှန်း မသိသလို လွယ်လွယ်ကူကူပဲ စာချုပ်တွေ ချုပ်ဆိုခဲ့ပါတယ်။ အဲဒီအတွက်လည်း ပြဿနာတွေ များခဲ့ရပါတယ်။ အကျင့်ပျက်ခြစားမှု တွေလည်း ဖြစ်ပေါ်ခဲ့ရပါတယ်။ ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ခြင်း မရှိတာကိုလည်း တွေ့ခဲ့ရပါတယ်။ စနစ်တကျ စာချုပ်စာတမ်းတွေကို တရားဝင်မှတ်ပုံမတင်နိုင်ခဲ့လို့ နိုင်ငံတော်အခွန် လည်း လျော့နည်းခဲ့ရပါတယ်။

စာချုပ်စာတမ်းဥပဒေရဲ့ ခိုင်မာမှုနဲ့ လုံခြုံမှုကို သိလာမယ်ဆိုရင် တရားဝင် စာချုပ်စာတမ်း မှတ်ပုံတင်လာကြမှာ ဖြစ်ပါတယ်။ အဲဒီအတွက် သက်ဆိုင်ရာ မှတ်ပုံတင်ဌာန၊ အခွန်ဌာနနဲ့ အစိုးရတို့ မှလည်း ပြည်သူများ ပူးပေါင်းပါဝင်လာဖို့ စနစ်တကျ စာချုပ်စာတမ်း မှတ်ပုံတင်လာဖို့ကို စည်းရုံး ပညာပေးဖို့လည်း လိုအပ်ပါတယ်။ ပုဒ်မ ၇၂၊ ၇၃၊ ၇၄၊ ၇၅ တို့မှာ တားမြစ်ချက်၊ ပြစ်ဒဏ်၊ ပြစ်မှုနဲ့ ပြစ်ဒဏ်အားလုံး ဥပဒေကြမ်းမှာ တိတိကျကျ တစ်ပါတည်း ပါရှိပြီးဖြစ်တဲ့အတွက်ကြောင့်မို့လို့လည်း ပြစ်မှုဆိုင်ရာ ပုဒ်မ ၄၂၀၊ ၄၆၈ တို့နဲ့သော်လည်းကောင်း၊ တရားမမှုအနေနဲ့သော်လည်းကောင်း၊ သီးသန့်အရေးယူဖို့ မလိုအပ်တာကိုလည်း တွေ့ရမှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့်မို့လို့လည်း ဒီ ဥပဒေကြမ်းက ပြည့်စုံလုံလောက်တယ် ဆိုတဲ့အကြောင်း ထောက်ခံဆွေးနွေးလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၀၃။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။　　။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေကြမ်းနဲ့ ပတ်သက်ပြီးတော့ အခန်း(၄)၊ စာချုပ်စာတမ်းများ မှတ်ပုံ

တင်ခြင်း အပိုဒ် ၁၆ မှတ်ပုံမတင်မနေရ စာချုပ်စာတမ်းများထဲက အပိုဒ်ခွဲ(ခ)မှာ ဖော်ပြတဲ့ တရားရုံးက ချမှတ်တဲ့ ဒီကရီ သို့မဟုတ် အမိန့် သို့မဟုတ် စီရင်ချက်များဆိုတာကို ပယ်ဖျက်သင့်ပါတယ်။ ဒီစာတမ်းတွေဟာ တာဝန်ခံမိတ္တူအဖြစ် ကူးယူစဥ်ကတည်းက သတ်မှတ်ထားတဲ့ တံဆိပ်ခေါင်းများ ထမ်းဆောင်ထားတာဖြစ်ပြီးတော့ တရားဝင်တဲ့ စာအမှတ်၊ စာတမ်းများဖြစ်တဲ့အတွက် ထပ်မံမှတ်ပုံတင်ရန် မလိုအပ်တော့လို့ ဖြစ်ပါတယ်။

ထို့အတူပဲ အပိုဒ်ခွဲ(ဂ)မှာပါရှိတဲ့ နှင့် ပေါင်နှံခြင်း ဖျက်သိမ်းသော စာချုပ်များဆိုတာကိုလည်း ပယ်ဖျက်ပေးသင့်ပါတယ်။ ပေါင်နှံခြင်းကို ဖျက်သိမ်းတဲ့ စာချုပ်တွေဟာ ဖျက်သိမ်းပြီးတဲ့နောက်ပိုင်းမှာ အာနိသင်တန်ဖိုး မရှိတော့တဲ့ စာချုပ်တစ်ရပ်သာ ဖြစ်နေတာကို မှတ်ပုံမတင်မနေရဆိုတာ အပိုဖြစ်နေလို့ပါပဲ။ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(က)အရဆိုရင်လည်း ဖြစ်မြောက်စေမယ့် စာချုပ်စာတမ်းမဟုတ်တဲ့အတွက် ဖြစ်ပါတယ်။ ဒီသဘောအတိုင်းပဲ အပိုဒ် ၁၇၊ အပိုဒ်ခွဲ(က)မှာပါတဲ့ ဖျက်သိမ်းခြင်းဆိုတာကိုလည်း ပယ်ဖျက်သင့်ပါတယ်။ နောက်တစ်ချက်က စာချုပ်စာတမ်း မှတ်ပုံတင်လိုသူများကစာချုပ်စာတမ်း မှတ်ပုံတင်ရုံးကိုလာပြီးတော့ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိအဆင့်ဆင့်ထံမှာစာချုပ်စာတမ်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားကြရမှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းရဲ့ အပိုဒ် ၂၃၊ အပိုဒ်ခွဲ(က)မှာ မှတ်ပုံတင်လိုသူသည် မှတ်ပုံတင်ခွင့်ပြုရန် ပုဒ်မ ၇ နှင့် ပုဒ်မ ၈ ပါ စာချုပ်စာတမ်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်လို့ ပါသလိုပဲ အပိုဒ်ခွဲ(ခ)မှာ လျှောက်ထားချက်ကို လက်ခံရရှိလျှင်လို့ပါရှိပါတယ်။ ဒီလိုပဲ အပိုဒ် ၃၆၊ အပိုဒ်ခွဲ(ခ)မှာလည်း မှတ်ပုံတင်ပေးရန် လျှောက်ထားလာပါကလို့ သုံးစွဲထားပါတယ်။ ဒါကလည်း အမှန်ပါပဲ။ ဒါပေမဲ့ ကျန်တဲ့ အပိုဒ်၊ အပိုဒ်ခွဲ အတော်များများမှာ မှတ်ပုံတင်ရန် တင်ပြသည်လို့ ရေးထားတာတွေကို တွေ့ရတဲ့အတွက် တင်ပြသည်ဆိုတဲ့ စကားရပ်နေရာများမှာ လျှောက်ထားသည်ဆိုတဲ့ စကားရပ်နဲ့ ပြောင်းလဲပြင်ဆင်ပေးသင့်ပါတယ်။ နောက်တစ်ခုက အခန်း(၅)ရဲ့ ခေါင်းစဥ်ဖြစ်တဲ့ စာချုပ်စာတမ်းများကို မှတ်ပုံတင်သွင်းရန် အချိန်ကာလ ဆိုတာကို စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရန် လျှောက်ထားရမည့် အချိန်ကာလလို့ ပြင်ဆင်ပေးသင့်ပါတယ်။

အပိုဒ် ၂၂ မှာ နှစ်ဦးတည်းသာ လက်မှတ်ရေးထိုးသည့် စာချုပ်ဖြစ်ပါက လက်မှတ်ရေးထိုးချိန်တူညီသည့် စာချုပ်ဖြစ်ရမည်ဆိုတဲ့ စာသားကိုလည်း ဖြည့်စွက်သင့်ပါတယ်။ အပိုဒ် ၂၃၊ အပိုဒ်ခွဲ(ဂ)မှာ လိုအပ်သလို စိစစ်ပြီးဆိုတဲ့ စာသားကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီးဆိုတဲ့ စာသားနဲ့လည်း ပြင်ဆင်ပေးသင့်ပါတယ်။ ဒါ့အပြင် ဒီ အပိုဒ်ခွဲမှာပဲ ရက်ပေါင်း(၁၂၀)ထက်ပိုရင် ဘယ်လိုဆောင်ရွက်မယ်ဆိုတာကိုလည်း ပြည့်စုံအောင် ကျွန်တော်တို့ ဖြည့်စွက်ပေးသင့်ပါတယ်။ ဥပမာ ရက်ပေါင်း(၁၂၀) ထက်ပိုရင် မှတ်ပုံတင်လျှောက်ထားခြင်းကို လက်မခံတော့ဘူးဆိုတာမျိုး ဖြစ်ပါတယ်။ အပိုဒ် ၂၅ မှာလည်း ပစ္စည်းတည်ရှိရာအရပ်ဒေသက ပြည်ပနိုင်ငံတစ်ခုခုမှာဖြစ်နေရင် ဘယ်ရုံးမှာ မှတ်ပုံတင်လျှောက်ထားရမယ် ဆိုတာမျိုးကို ပြည့်စုံစွာ ကျွန်တော်တို့ ပြဋ္ဌာန်းပါရှိသင့်ပါတယ်။ အပိုဒ် ၂၆ ကတော့ ပယ်ဖျက်သင့်တဲ့အပိုဒ် ဖြစ်ပါတယ်။ တရားရုံးရဲ့ ဒီကရီ၊ အမိန့်၊ တာဝန်ခံမိတ္တူကို ထပ်ပြီးတော့ မှတ်ပုံတင် မလိုအပ်လို့ ဖြစ်ပါတယ်။ တစ်ဆက်တည်းပဲ အပိုဒ် ၃၂၊ အပိုဒ်ခွဲ(ဂ)ကိုလည်း ပယ်ဖျက်ရမှာ ဖြစ်ပါတယ်။ အပိုဒ်ခွဲ(ဃ)နဲ့ ပတ်သက်ပြီးတော့ သတ်မှတ်ထားတဲ့ အခွန်တံဆိပ်ခေါင်း လုံလောက်စွာ

ကပ်ထားခြင်းမဟုတ်တဲ့ စာချုပ်စာတမ်းတွေကို မှတ်ပုံတင်ပေးဖို့ လျှောက်ထားလာရင် ဘယ်လို ဆောင်ရွက်မလဲ ဆိုတာကိုလည်း ကျွန်တော်တို့ ပြည့်စုံအောင် ပြဋ္ဌာန်းပေးဖို့ လိုပါတယ်။

လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း(၁၀)၊ ခေါင်းစဉ်ကို စာချုပ်စာတမ်း မှတ်ပုံတင်ခြင်း၊ မှတ်ပုံမတင်ခြင်း တို့၏ အကျိုးသက်ရောက်မှုလို့ ဖြည့်စွက်ပြင်ဆင်သင့်ပါတယ်။ အပိုဒ် ၄၈ မှာ မှတ်ပုံမတင်ရင် ဖြစ်ပေါ် လာမယ့် အကျိုးသက်ရောက်မှုတွေလည်း အတိအကျ ပြဋ္ဌာန်းထားပြီး ဖြစ်တဲ့အတွက် တိကျပြည့်စုံတဲ့ ခေါင်းစဉ်တစ်ခုကို ဖြစ်စေမှာ ဖြစ်ပါတယ်။ အပိုဒ် ၄၇၊ အပိုဒ်ခွဲ(က)မှာ ရှိရမည်ဆိုတဲ့အစား ရှိသည်။ အပိုဒ်ခွဲ(ခ)မှာ ရှိစေရမည်အစား ရှိသည်လို့ တိကျပြတ်သားစွာလည်း ပြဋ္ဌာန်းပေးသင့်ပါတယ်။ အပိုဒ် ၅၁၊ အပိုဒ်ခွဲ(က)နဲ့ ဆက်စပ်နေတဲ့ အပိုဒ် ၈၄၊ အပိုဒ်ခွဲ(က)၊ (ခ)တို့ပါ တရားရုံး ဒီကရီ၊ အမိန့်တို့နဲ့ ပတ်သက်တာကို ပယ်ဖျက်သင့်ပါတယ်။ တရားရုံးက ရောင်းချကြောင်း သက်သေခံလက်မှတ်တွေကို မှတ်ပုံတင်ဖို့ လျှောက်သည်ဖြစ်စေ၊ မလျှောက်သည်ဖြစ်စေ မှတ်ပုံတင်အရာရှိထံကို ပို့ပေးနေရမယ် ဆိုတာကလည်း မဖြစ်သင့်တဲ့အတွက် ဖြစ်ပါတယ်။ အပိုဒ် ၅၉၊ အပိုဒ်ခွဲ(ဂ)ကို ပယ်ဖျက်ပေး သင့်ပါ တယ်။ ဘာဖြစ်လို့လဲဆိုတော့ အပိုဒ် ၆၁၊ အပိုဒ် ၆၂ နဲ့ အပိုဒ် ၆၃ တွေမှာ ပြည့်ပြည့်စုံစုံ ရှိနေတဲ့အတွက် ဖြစ်ပါတယ်။ အပိုဒ် ၇၄ နဲ့ အပိုဒ် ၇၅ တို့ကိုတော့ ပေါင်းပြီးတော့ အပိုဒ် ၇၆ ကဲ့သို့ ပြန်ထည့်လိုက်မယ် ဆိုရင် အပိုဒ်တစ်ပိုဒ်စာ ကျစ်လစ်သိပ်သည်းလာမှာ ဖြစ်ပါတယ်။ အပိုဒ် ၇၈ မှာ မှတ်ပုံတင်အရာရှိ၊ စာချုပ်စာတမ်း မှတ်ပုံတင် စစ်ဆေးရေးမှူးကိုမျှ ဆိုပြီးတော့ ပြင်ဆင် ဖြည့်စွက်ပေးသင့်ပါတယ်။

နိဂုံးချုပ်အနေနဲ့ အပိုဒ် ၈၅ ၊ အပိုဒ်ခွဲ(က)မှာ ယာယီတားဝရမ်းကို သတ်မှတ်ရက်အတွင်း တင်ပြနိုင်ရင် ဘယ်လိုဆောင်ရွက်ပေးမယ်ဆိုတာ ပါရှိပေးသင့်ကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်နဲ့ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၆ ရက်(သောကြာနေ့) နံနက် ၁၀:၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ၁၁း၀၈ နာရီအချိန်တွင် ရပ်နားပါသည်။]